# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (11-2-2024) ၊ အတွဲ (၃၂)၊ အမှတ် (၂၈၇)


### ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄**

၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်

(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

၂၀၁၀ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်။

(ပုံ)

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့ရက်သတ်မှတ်

စာမျက်နှာ - ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်များခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများခင်းကျင်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်အရောင်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်များခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများခင်းကျင်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်

အယ်ဒီတာ့အာဘော်

# ပုဂံဒေသရှိ ရှေးဟောင်းရေကန်များကို ပြန်လည်ဆယ်ယူ

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် နှစ်ပေါင်းထောင်ကျော်မက ရှေးဟောင်းအဆောက်အအုံများကို တစ်စုတစ်ဝေးတည်း တစ်နေရာတည်းတွင် တွေ့နိုင်သော တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်ယဉ်ကျေးမှုဒေသဖြစ်သောကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ထိုက်တန်စွာရရှိထားသော ဒေသဖြစ်ပြီး နိုင်ငံတကာက အထူးစိတ်ဝင်စားသော ယဉ်ကျေးမှုနယ်မြေဖြစ်သည်။

ပုဂံဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင် ပါဝင်၍ မိုးတွင်းကာလ၌ သဘာဝမြေပြင်အနေအထားနှင့် ချောင်းများကိုအသုံးချလျက် လုပ်ကန်အဆင့်ဆင့်၊ မြောင်းအသွယ်သွယ်ဖြင့် ရေသွယ်ယူခဲ့ပြီး သောက်သုံးရေ၊ စိုက်ပျိုးရေများ အသုံးပြုခဲ့ကြသည်။

"ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၌ မေတ္တာကရုဏာကြီးမားတော်မူသော ဗုဒ္ဓဘုရားရှင်ထံမှ ဗျာဒိတ်တော်ရတော်မူသော အရှင်မင်းတရားသည် သတ္တဝါအပေါင်းတို့ငတ်မွတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝပေါများခြင်းအကျိုးငှာ ရေမရှိသော လယ်မြေ၊ ထွန်ယက်စိုက်ပျိုးခြင်းမရှိသော အရပ်တိုင်း၌ အတို့သခင် အရှင်မင်းတရားသည် ရေကို မြဲမြံစွာဆယ်စေ၏။ ရေကန်ကို တူးစေ၏။ စိုက်ပျိုးရန် လယ်မြေကို ဖြစ်စေ၏"ဟု ပုဂံတုရင်တောင်ခြေ မြကန်နှင့် အလံပုဂံကန်တို့တွင် တွေ့ရသော ကျန်စစ်သားမင်းကြီး၏ ကျောက်စာများအရ သာသနာသက္ကရာဇ် ၁၆၃၀ ခန့်၊ အေဒီ ၁၀၈၆ ခန့်တွင် ရေလှောင်တမံများ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေကြီးရေလျှံခြင်း၊ ရှေးဟောင်းအဆောက်အအုံများ၏ တံတိုင်းအတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် ရေဝပ်မှုမဖြစ်ပေါ်စေရေးတို့အတွက် ပုဂံခေတ် ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် သုတေသနပြုချက်အရ ရှေးဟောင်းရေလမ်းကြောင်းများ ပြန်လည်ဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရပေသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန် ၁၀၆ ကန်အနက် ၉၁ ကန်ကို ပထမအဆင့် ၄၆ ကန်နှင့် ဒုတိယအဆင့် ၄၅ ကန် သတ်မှတ်ထားပြီး ပထမဦးစားပေး ၁၁ ကန်၊ ဒုတိယဦးစားပေး ၁၁ ကန်၊ တတိယဦးစားပေး ၁၂ ကန်၊ စတုတ္ထဦးစားပေး ၁၂ ကန်တို့ကို ဦးစားပေးအလိုက် ဆယ်ယူထိန်းသိမ်းသွားမည်ဖြစ်ပေသည်။ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အလှူရှင်များက ရှေးဟောင်းရေကန် ၂၅ ကန်ကို ဆယ်ယူထိန်းသိမ်းသွားမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေအသုံးပြုနိုင်ရေး၊ ရေကြီးရေလျှံခြင်း၊ ရှေးဟောင်းအဆောက်အအုံများ၏ တံတိုင်းအတွင်းနှင့် အနီးဝန်းကျင်နေရာများတွင် ရေဝပ်မှုမဖြစ်ပေါ်စေရေးတို့အတွက် ယခုအခါ ရှေးဟောင်းရေလမ်းကြောင်းများ ပြန်လည်ဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၃၂၀၃၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေပူရင်လဲ ဘုရားဖူးတွေ ခြေမပူအောင် အခင်းတွေ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ ဘုရားဖူးတွေက နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုကြပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက အေးဆေးစွာ အနားယူပြီးတော့ လိုဏ်ဂူတော်အတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေတာ တွေ့ရပါတယ်။ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၈၁၃ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၂၆၃၂၇ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၂၈၉၉ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲလွမ်းပြာကို ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများ ရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာအရောင်းအဝယ် ပုံမှန်အနေအထားတွင်ရှိခဲ့ပြီး ယခုလက်ရှိတွင် ပဲလွမ်းပြာများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကာ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲလွမ်းပြာတွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းက ကုန်သည်တွေကလဲ ဝယ်ယူမှု တော်တော်လေးများလာပြီး ဈေးကွက်ထဲ အရင်ကထက် အရောင်းအဝယ် ပိုပြီးကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီ ၉ ရက် ပေါက်ဈေးအရ ပဲလွမ်းပြာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အရင်က တရုတ်နိုင်ငံဘက်ကလဲ အဝယ်မရှိတာကြောင့် ပဲလွမ်းပြာ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ တရုတ်နိုင်ငံဘက်ကလဲ အဝယ်ပြန်များလာပြီး ပဲလွမ်းပြာတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲလွမ်းပြာကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် မြစ်ရေကျချိန်၌ စိုက်ပျိုးကြကြောင်း၊ လက်ရှိ မန္တလေးဈေးကွက်သို့ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်တို့မှ ပဲလွမ်းပြာများ ဝင်ရောက်လာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိပြီး ဝင်ရောက်လာသည့် ပြောင်းဖူးများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါပြောင်းဖူးများသည် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ပြောင်းဖူးဈေးနှုန်းများမှာ ပိဿာချိန် ၃၀ ဆံ့ အိတ်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ ရှိပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"လက်ရှိအချိန်မှာ ဈေးကို ဝင်ရောက်လာတဲ့ ပြောင်းဖူးတွေက အရောင်းအဝယ်တွေ ကောင်းနေကြပါတယ်။ ပြောင်းဖူးက တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသတွေက ပြောင်းဖူးတွေ ဝင်ရောက်မှုမရှိသေးပါဘူး။ ပြောင်းဖူးကို အိတ်ပြတ် ဝယ်ယူကြတာ များပါတယ်။ ကားတစ်စီးကို ပြောင်းဖူးအိတ်က ၁၀၀၀ ကနေ ၁၂၀၀ ထိ ပါပါတယ်။ ပြောင်းဖူးတွေကိုတော့ လားရှိုးနဲ့ ရန်ကုန်တွေကိုလဲတင်ပို့ရပါတယ်။ အခုနောက်ပိုင်းမှာ ပြောင်းစိုက်တဲ့တောင်သူတွေလဲ နည်းသွားတာကို တွေ့ရပါတယ်။ သီရိမာလာကုန်စိမ်းဈေးမှာ ပြောင်းဖူးတွေ အရောင်းအဝယ်ကောင်းနေတဲ့အပြင် အခြားကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မော်လမြိုင်မြို့နယ် ရိုးဂိုးရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရိုးဂိုးကျေးရွာအုပ်စု ရိုးဂိုးရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ကျေးရွာမှ အများသဘောတူ ရွေးချယ်ထားသည့် ကော်မတီဝင်များဦးဆောင်၍ စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲစေရေး အသင်းသား၊ အသင်းသူများက ပူးပေါင်းပြီး ဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်စံက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိ၊ ရပ်ဖများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ရိုးဂိုးရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

# တမူးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီး



**တမူး ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

"တမူးမြို့နယ်မှာ မိုးစပါး ၁၄၈၀၇ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၅၅၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၄၈၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တမူးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် မြောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြောက်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၃၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် သုည ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ ဖေဖော်ဝါရီ ၁၀**


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလတစ်လအတွင်း ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ဇန်နဝါရီလ ပထမပတ်လောက်ကနေစတင်ပြီး ရန်ကုန်ဘက်က သိသိသာသာ အဝယ်လိုက်လာခဲ့တယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ လက်ရှိလဲ အဝယ်လိုက်နေပါတယ်"ဟု ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်ကွဲများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုမြင့်တက်လာခြင်း၊ ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလာကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အရောင်းသမားများလိုအပ်သည့် Soft Skills

မျိုးသူ(ကုန်သွယ်မြှင့်)

လူတစ်ဦးတွင် အရည်အသွေးအမျိုးမျိုးရှိကြသည်။ ရှိသည့်အရည်အသွေးများကို ခွဲခြားစိတ်ဖြာရမည်ဆိုပါက သင်ကြားရယူနိုင်သည့် ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးများနှင့် စိတ်ပိုင်းဆိုင်ရာအတွေးအခေါ် အယူအဆများ၊ အပြုအမူနှင့် ခံစားချက်များအပေါ် တုံ့ပြန်မှုများဆိုင်ရာအရည်အသွေးများဟူ၍ ရှိသည်။ သင်ကြားရယူထားသည့် ပညာရပ်ပိုင်းဆိုင်ရာအရည်အသွေးများကို Hard Skills ဟု ခေါ်နိုင်ပြီး အတွေးအခေါ်၊ အယူအဆ၊ အပြုအမူနှင့် ခံစားချက်များအပေါ် တုံ့ပြန်မှုများဆိုင်ရာ အရည်အသွေးများကိုမူ Soft Skills ဟု ခေါ်နိုင်သည်။ Hard Skills နှင့် Soft Skills နှစ်ခုစလုံးတွင် တူညီသောအချက်တစ်ချက်မှာ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် လေ့ကျင့်၍ ရခြင်းဖြစ်သည်။

ကုန်ပစ္စည်းတစ်ခုကိုရောင်းချမည့် အရောင်းသမားတစ်ဦးအနေဖြင့် မည်သို့သောအရည်အသွေးများရှိရန် လိုအပ်မည်ဟုထင်ပါသလဲ။ အရောင်းသမားကောင်းတစ်ဦးဖြစ်ရန် ရောင်းဝယ်ရေးနှင့်ဆိုင်သော Marketing ပညာရပ်များ၊ ဘာသာစကားများအပြင် အခြားသူနားလည်အောင် ပြောပြ၊ ရှင်းပြတတ်မှု၊ သည်းညည်းခံနိုင်စွမ်းရှိမှု၊ စိတ်ရှည်မှု စသည့်အချက်များလည်း လိုအပ်သည်။ ထိုသို့သောလိုအပ်ချက်များကို အသေးစိတ်ဖော်ပြလိုသည်။ မည်သို့ပင်ဆိုစေကာမူ အရောင်းသမားကောင်းတစ်ဦးအနေဖြင့် Hard Skills နှင့် Soft Skills နှစ်မျိုးစလုံးကို ကောင်းစွာတတ်မြောက်ရန် လိုအပ်သည်။

**ဖွံ့ဖြိုးတိုးတက်သောအတွေးအခေါ်**

အချို့လူများသည် လုပ်ကိုင်သည့်ကိစ္စတိုင်းတွင် ပါရမီရှိရန်လိုအပ်သည်ဟု ယူဆတတ်ကြသည်။ ခေါင်းဆောင်ဖြစ်ရန်၊ ထူးချွန်ရန်အတွက်လည်း ပါရမီရှိရန်လိုအပ်သည်။ ပါရမီရှိသူသည် သင်ယူမှုကို လွယ်လွယ်တတ်မြောက်နိုင်သလို ပါရမီမရှိသူသည် သေချာသင်ကြားပါက ပါရမီရှိသူနှင့် တန်းတူအရည်အသွေးရှိလာနိုင်သည်။ အဓိကအချက်မှာ သင်ယူလိုစိတ်၊ လေ့လာလိုစိတ်ထက်သန်ရန် လိုအပ်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့် အတွေးအခေါ်ရှိသူများကမူ အလုပ်ကိုကြိုးစားလုပ်ကိုင်ခြင်းဖြင့် ပါရမီဉာဏ်ကို ရင့်သန်တိုးတက်စေသည်ဟု ယုံကြည်ကြသည်။ ထူးချွန်ထက်မြက်ခြင်းသည် အလုပ်ကိုကြိုးစားလုပ်ကိုင်ခြင်းသာဖြစ်သည်ဟု ခံယူတတ်ကြသည်။ အတွေးအခေါ်ခံယူချက်ဖြစ်သော Mindset ကို မှန်ကန်သည့်နေရာတွင် ရှိနေရန်နှင့် အဆင့်မြင့်တက်လာစေရန် ကြိုးပမ်းပေးရမည်။ မိမိ၏ခံယူချက်များ၊ အတွေးအမြင်များသည် ခိုင်မာရန်လိုအပ်သော်လည်း ဖွံ့ဖြိုးတိုးတက်နေရန်နှင့် ခေတ်နှင့်အညီဖြစ်ရန်လည်း လိုအပ်သည်။ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ အတွေးအခေါ်များ၊ ခံယူချက်များသည် ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်သည်။

ယခုခေတ်တွင် နည်းပညာတိုးတက်မှုများသည် များစွာမြန်ဆန်လာသဖြင့် အတွေးအခေါ်နှင့်ခံယူချက်အပိုင်းတွင်လည်း ပြောင်းလဲမှုများကို အမီလိုက်နိုင်ရန် လိုအပ်လာသည်။ အမှားများကို သင်ခန်းစာယူပြီး ပြောင်းလဲနိုင်အောင် ကြိုးစားရန်လိုအပ်သည်။ အမှားများကို တွေ့ကြုံရသည့်အခါတွင် ရှက်ခြင်းနှင့် ကြောက်ခြင်းများ လွှမ်းမိုးသွားတတ်ကြသည်။ ထိုသို့ အမှားများကြုံရသည့်အခါတွင် အမှားကို အမှန်သို့ရောက်အောင် စဉ်းစားသုံးသပ်ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်။ အမှားကို အတွေ့အကြုံကောင်းတစ်ခုအဖြစ် သုံးသပ်ပြီး ပိုမိုတိုးတက်လာစေရန်လိုအပ်သည်။ အမှားကို ဝမ်းနည်း၊ ရှက်ရွံ့နေရုံမျှဖြင့် ပြောင်းလဲသွားမည်မဟုတ်သဖြင့် ပြန်လည်ကြိုးစားဆောင်ရွက်သွားရမည်သာဖြစ်သည်။

ထို့ပြင် "အခုထိ"ဟူသော စကားလုံးကိုလည်း မိမိဘာသာမေးတတ်ရန် လိုအပ်သည်။ အခုထိ မကျွမ်းကျင်သေးဘူးလား၊ အခုထိ လိုချင်သည့် အရောင်းစံချိန်မရသေးဘူးလားဟူသော မေးခွန်းများကိုမေး၍ ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ခံယူချက်၊ အတွေးအခေါ်များ ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။

**မျှဝေခံစားကြည့်ပါ**

ကိုယ်ချင်းစာတတ်ပါဟု ပြောတတ်ကြသည်။ ကိုယ်ချင်းစာပြီးနားလည်နိုင်ရန်မှာ အတော်အတန်မျှဖြင့် လုပ်၍ရနိုင်သောကိစ္စတစ်ခုမဟုတ်ပေ။ ကိုယ်ချင်းစာစိတ်ရှိရန်အတွက် မျှဝေခံစားကြည့်ရန်လိုအပ်သည်။ အရောင်းသမားတစ်ဦးသည် လာရောက်ဝယ်ယူသူ၏ စိတ်ခံစားချက်နှင့် ရောင်းချသည့်ကုန်ပစ္စည်းအပေါ်တွင် စဉ်းစားနေသည့်အချက်များကို မျှဝေခံစား နားလည်ရန်လိုအပ်သည်။ ဝယ်ယူသူသည် အရောင်းသမားထံမှ ရောင်းချသည့်ကုန်ပစ္စည်းနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို ကောင်းစွာသိလိုတတ်ကြသည်။ ထိုအချက်ကိုပင် မဖြေရှင်းနိုင်သည့် အရောင်းသမားများကို များစွာမြင်တွေ့ရတတ်သည်။ မိမိကုန်ပစ္စည်း လာရောက်ဝယ်ယူသူတစ်ဦး၏ ခံစားချက်များကို မျှဝေခံစားနိုင်ရန်နှင့် စာနာနားလည်ရန်အတွက် ကိုယ်တိုင်ကုန်ပစ္စည်းဝယ်သည့်အချိန် ခံစားချက်များကို တွေးမိရန်လိုအပ်သည်။ လိုချင်သည့်ပစ္စည်းသည် လက်ဝယ်ပါလာသည့်ငွေကြေးနှင့် အဆင်ပြေသလား၊ လိုချင်သည့်အရောင်အသွေး၊ အရွယ်အစားညီညွတ်သည်ဟု ထင်ပါရဲ့လား၊ ဝယ်သူအများစုသည် မြန်၊ ကောင်း၊ သက်သာဟူသည့် အချက်သုံးချက်ကို အဓိကထားရွေးချယ်တတ်ကြသည်ကို သတိပြုရန် လိုအပ်လာသည်။ ရောင်းသူဘက်က အဆိုပါ အချက်သုံးချက်ကို မည်သို့ပေးမည်ကို ပြောနိုင်ရန်လိုအပ်သည်။ မိမိရောင်းသည့်ကုန်ပစ္စည်းသည် ဝယ်ယူသူမျှော်လင့်သည့်ဈေးနှုန်းထက်များပြားနေလျှင် ဈေးနှုန်းများနေသည်ကို ရောင်းသူဘက်က သိရှိကြောင်း၊ မည်သည့်အတွက်၊ မည်သည့်အရည်အသွေးကြောင့် ဈေးနှုန်းသည် အခြားဆိုင်များနှင့်မတူဘဲ များနေရခြင်းဖြစ်ကြောင်း၊ The dearest is the cheapest in the long run. ဆိုသည့်အတိုင်း ဈေးကြီးသော်လည်းကြာရှည်ခံကြောင်း၊ အမျိုးအစားတူသော်လည်း အရည်အသွေးပိုင်းတွင် မြင့်ထားသဖြင့် ရေရှည်တွင် တွက်ခြေပိုကိုက်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ဝယ်ယူသူဘက်က မျှဝေခံစားစဉ်းစားခြင်းကို မဖြစ်မနေလုပ်ကိုင်ပေးရမည်ဖြစ်သည်။ သို့ဖြစ်၍ ကိုယ်ချင်းစာပါ၊ မျှဝေခံစားပါ၊ စာနာနားလည်ပါ၊ ထိုအချက်ကို နားလည်သည်နှင့်အမျှ ရောင်းချသူ၏ Soft Skills အရည်အသွေးလည်း တိုးတက်လာမည်ဖြစ်သည်။

**တက်တက်ကြွကြွ နားထောင်ပါ**

တက်တက်ကြွကြွနားထောင်ခြင်းသည် အရောင်းသမားအတွက် အရေးကြီးသော Soft Skills တစ်ခုဖြစ်သည်။ လူအများစုသည် ကိုယ်ကသာပြောနေပြီး နားထောင်လိုသူ နည်းပါးတတ်သည်။ လူတချို့သည် အခြားသူများက ပြောနေသည်ကို ပြီးဆုံးအောင်ပင် နားထောင်ခြင်းမရှိဘဲ ဖြတ်၍ပြောဆိုတတ်ကြသည်။ မည်သူမဆို နားထောင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လိုအပ်သည်။ ထိုအခါ ကိုယ်တိုင်ပင်မသိဘဲ အပြောအားသန်သူဖြစ်သွားတတ်သည်။ အရောင်းသမားများအဖို့မူ မိမိကုန်ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်(Information)ကို ပြောပြရန်တာဝန်ရှိသလို ဖောက်သည်ကလည်း သေချာစွာတက်တက်ကြွကြွနားထောင်ခြင်း၊ ထောက်ခံပြောဆိုခြင်းများကို မဖြစ်မနေပြုလုပ်ပေးသင့်သည်။

တက်တက်ကြွကြွနားထောင်ခြင်းဟု ခွဲခြားပြောရခြင်းမှာ အခြားသူများပြောသည်ကို စိတ်မပါဘဲနှင့် ခေါင်းသာညိတ်နေသည့် အရောင်းသမားများကို တွေ့ရတတ်သည်။ မရောင်းရသော်လည်း မိတ်ဆွေတိုးသည်ဟု သဘောမထားတတ်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကိုယ်ခေါင်းညိတ်နေရသော အရေအတွက်ကိုမှတ်နေမည့်အစား ဖောက်သည်ကပြောသည့်စကားများကို လေးလေးစားစား၊ အာရုံစိုက်၍ နားထောင်ပေးရန် လိုအပ်သည်။ နားထောင်ခြင်းကို တက်တက်ကြွကြွစိတ်ပါလက်ပါဖြစ်စေရန်မှာ ဝယ်ယူသူ၏လိုအပ်ချက်နှင့် လိုအင်ဆန္ဒကို ဦးစားပေးရေးပင်ဖြစ်သည်။

**ကောင်းစွာဆက်ဆံပြောဆိုပါ**

ဖောက်သည်များနှင့် စာအရေးအသားဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ပြောဆိုဆက်သွယ်ရသည်များရှိသည့် အခါတွင် နည်းစနစ်အတိုင်း ဆက်သွယ်ပြောဆိုရန် မခက်ပေ။ သို့ရာတွင် ဖောက်သည်များနှင့်တွေ့ဆုံ၍ ပြောဆိုရသည့်အခါမျိုးတွင်လည်းကောင်း၊ ကုန်ပစ္စည်း၏ သတင်းအချက်အလက်နှင့်ပတ်သက်၍ ပြောဆိုသည့်အခါတွင်လည်းကောင်း ပြောဆိုဆက်သွယ်မှုများသည် အရေးပါလာသည်။ ဖောက်သည်ကို တည့်တည့်ကြည့်၍ တက်တက်ကြွကြွ၊ စိတ်ပါလက်ပါ ပြောဆိုဆက်ဆံရန်ဆိုသည့်အချက်ကအစ အလွန်အရေးပါလာသည်။ ယခုအခါ အချို့သောဆိုင်များတွင် အရောင်းသမားများသည် ဝယ်ယူသူကို စကားပြောရန်ထက် ဖုန်းကြည့်နေရန်ကို အားသန်နေတတ်ပြီး မေးမြန်းသည်များကို မဖြေချင့်ဖြေချင်ဖြင့် မော့မကြည့်ဘဲ ဖြေနေသည်များကိုပါ တွေ့နေရသည်။ အချို့သောအထည်ဆိုင်များတွင် ဖြန့်၍ပြရသောအစီအစဉ်ကို ထည့်သွင်းထားသော်လည်း ဖြန့်၍ပြရပြီးနောက် ဝယ်သူပြန်သွားလျှင် ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ပြန်ပြီးခေါက်ရသည်ကိုမလုပ်ချင်သည့် အရောင်းသမားမျိုးကိုလည်း တွေ့နိုင်သည်။ ထိုအချက်များကိုရှောင်လွှဲပြီး တက်တက်ကြွကြွ၊ လိုလိုချင်ချင် ဖြေကြားသင့်သည်။ မျက်နှာကို သေချာကြည့်၍ ဖြေကြားသင့်သည်။ မေးလာသမျှကို ယဉ်ယဉ်ကျေးကျေးနူးနူးညံ့ညံ့ရှင်းပြရမည်မှာ တာဝန်ဟု ခံယူသင့်သည်။ Online က ရောင်းချနေသည့်အချို့သော Page များတွင် ရောင်းချနေသည်မှာ ဝယ်သူနှင့် ရန်ဖြစ်နေသလားဟုပင် ထင်ရသည်များတွေ့နေရသည်။ အခြားသူများ၊ အခြားဆိုင်များ မကောင်းဘဲ ကိုယ့်ဆိုင်တစ်ဆိုင်သာ ကောင်းသယောင်ပြောဆိုကြခြင်း၊ ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုကြခြင်းများကို မြင်တွေ့နေရသည်။

သို့ဖြစ်၍ အရောင်းသမားတစ်ဦးသည် ကိုယ့်ပရိသတ် သို့မဟုတ် ဝယ်သူများကို ဦးစားပေးအဆင့်တစ်အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်ရန်လိုအပ်သည်။ မည်သို့သောအခြေအနေမျိုးကိုမဆို ဆိုင်အတွင်းဝင်ရောက်လာသူအားလုံးကို နူးညံ့ချိုသာစွာဆက်ဆံရန် လိုအပ်သည်။ ထို့ပြင် အရောင်းသမားကောင်းတစ်ဦးသည် မိမိ၏ လေယူလေသိမ်း၊ စကားအပြောအဆိုများကို အစဉ်အမြဲ ပြန်လည်ဆန်းစစ်နိုင်ရန် လိုအပ်သည်။ ဥပမာ-အိမ်ကအမျိုးသမီးနှင့် ရန်ဖြစ်လာသဖြင့် ဆိုင်တွင် ဝယ်သူကို စိတ်မပါလက်မပါ ဆက်ဆံ၍ မရနိုင်ပေ။ အလုပ်နှင့် အိမ်တွင်းရေးကို သီးခြားစီထား၍ ဝယ်ယူသူကို အစဉ်တက်ကြွစွာ၊ စိတ်ပါလက်ပါ ပြောဆိုနိုင်ရပါမည်။ နူးညံ့ချိုသာစွာ ပြောဆိုနိုင်ရပါမည်။ စကားအပြောအဆိုမချောင်လျှင် အောင်မြင်သောအရောင်းသမားဖြစ်ရန် မလွယ်ပေ။ ထို့ကြောင့် ပြောဆိုမှုကို လေ့ကျင့်နေရန်လိုအပ်သည်။ ပြန်လည်သုံးသပ်နေရန် လိုအပ်သည်။

**ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်**

ခိုင်မာသောသန္နိဋ္ဌာန်ရှိရမည်ဖြစ်သော်လည်း စီမံကိန်း၊ စီမံချက်များသည် ရေးဆွဲစီစဉ်ထားသည့်အတိုင်း အပြည့်အဝဖြစ်မလာတတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့အတူပင် နေ့စဉ်ဆောင်ရွက်နေသည့်ကိစ္စများ၊ လုပ်ကိုင်နေကျအလုပ်များတွင်ပင် တစ်ခါတစ်ရံ ကွဲလွဲမှုလေးများ ပေါ်လာတတ်သည်။ ထို့ကြောင့် အချို့ကိစ္စများတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်လည်း လုပ်ငန်းများကို ပြင်ဆင်ထားရန်လိုအပ်သည်။ ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းသည်လည်း အရောင်းသမားကောင်းတစ်ဦး၏ Soft Skills အရည်အသွေးတစ်ခုပင်ဖြစ်သည်။

တစ်ခါတစ်ရံတွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း မဖြစ်လျှင် ပန်းတိုင်သို့ ရောက်အောင်သွားရန်အတွက် မစီစဉ်တတ်ဘဲ ထွေပြားသွားတတ်သည်။ Plan A အဆင်မပြေလျှင် Plan B ရှိနေရန် လိုအပ်သည်။ ထို့ပြင် အဆိုပါစီမံချက်များအတိုင်း မဖြစ်သည့်အခါမျိုးတွင် အရေးပေါ်စဉ်းစားဆုံးဖြတ်နိုင်သည့် ပြောင်းလွယ်ပြင်လွယ်သည့်အနေအထားမျိုးရှိရန် စိတ်ကို ပြင်ဆင်ထားရန်လိုအပ်သည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိလျှင် စိတ်ညစ်၊ စိတ်ဆင်းရဲပြီး အောင်မြင်မှုနှင့် အလှမ်းဝေးသွားတတ်သည်။ ထို့ကြောင့် အားလုံးကို တစ်သမတ်တည်း သတ်မှတ်ထားခြင်းအစား အရေးပေါ်အခြေအနေမျိုးကို အောင်မြင်စွာဖြတ်သန်းနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်နိုင်ရန်လည်း ကြိုတင်တွေးတောထားရန် လိုအပ်သည်။

**ခံနိုင်ရည်ရှိပါ**

အရောင်းသမား သို့မဟုတ် အရောင်းမြှင့်တင်ရေးသမားများသည် ငြင်းပယ်ခံရမှုများကို မကြာခဏတွေ့ရတတ်သည်။ ပြန်ကြားခြင်းမရှိသော မေးလ်များကိုလည်း ကြုံနေရမည်သာဖြစ်သည်။ တစ်ခါတစ်ရံတွင် ဖောက်သည်များကပင် ငြင်းဆိုသည်များနှင့် မထင်သူများက ငြင်းဆိုကြသည်များလည်း ကြုံရနိုင်သည်။ မိမိရောင်းချသည့်ကုန်ပစ္စည်း၏ အားနည်းချက်များ၊ အပြစ်အနာအဆာများ၊ ဈေးနှုန်းများကို ထောက်ပြပြီး ငြင်းပယ်သည်များလည်း ကြုံရမည်ဖြစ်သည်။ ထိုအခါများတွင် စိတ်ဓာတ်ကျ၊ စိတ်ညစ်နေခြင်းမရှိဘဲ ခံနိုင်ရည်ရှိရန်လိုအပ်သည်။ တစ်ကြိမ်မရလျှင် နောက်တစ်ကြိမ် ကြိုးစားရမည်သာဖြစ်သည်။ ထိုသို့ ကြုံတွေ့ရသည့်အခါမျိုးတွင် ကုန်ပစ္စည်းကို ပိုမိုကောင်းမွန်အောင်

စာမျက်နှာ ၅ သို့ ➤

❖ ခိုင်မာသောသန္နိဋ္ဌာန်ရှိရမည်ဖြစ်သော်လည်း စီမံကိန်း၊ စီမံချက်များသည် ရေးဆွဲစီစဉ်ထားသည့်အတိုင်း အပြည့်အဝဖြစ်မလာတတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့အတူပင် နေ့စဉ်ဆောင်ရွက်နေသည့်ကိစ္စများ၊ လုပ်ကိုင်နေကျအလုပ်များတွင်ပင် တစ်ခါတစ်ရံ ကွဲလွဲမှုလေးများပေါ်လာတတ်သည်။ ထို့ကြောင့် အချို့ကိစ္စများတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်လည်း လုပ်ငန်းများကိုပြင်ဆင်ထားရန်လိုအပ်သည်။ ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းသည်လည်း အရောင်းသမားကောင်းတစ်ဦး၏ Soft Skills အရည်အသွေးတစ်ခုပင်ဖြစ်သည်။ ❖

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ရုရှားခရီးသည် ဦးရေ ၁၀၀ ခန့် လေကြောင်းခရီးဖြင့်ရောက်ရှိ

**ပြုံယမ်း ဖေဖော်ဝါရီ ၁၀**

ရုရှားနိုင်ငံသားဦးရေ ၁၀၀ ခန့်တို့သည် ပုဂ္ဂလိကခရီးစဉ်တစ်ခုအဖြစ် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ဖေဖော်ဝါရီ ၉ ရက်တွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

အဆိုပါ ရုရှားခရီးသည်များသည် ကိုဗစ်-၁၉ ကပ်ဘေးပြီးဆုံးပြီးနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံသို့ ပထမဆုံးဝင်ရောက်ခွင့်ရခဲ့သည့် ပြည်ပခရီးသွားဧည့်သည်များဖြစ်ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်း နယ်စပ်လူဝင်လူထွက်ကို အတင်းကျပ်ဆုံးစည်းမျဉ်းများဖြင့် ပိတ်ဆို့ထားခဲ့သောနိုင်ငံဖြစ်သည်။

သို့သော် ဖေဖော်ဝါရီ ၉ ရက်တွင် ရုရှားခရီးသွားဦးရေ ၁၀၀ ခန့် လိုက်ပါလာသည့် မြောက်ကိုရီးယား အဲကော်ယိုလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းမှာ ပြုံယမ်း နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ပြုံယမ်းမြို့သို့ ရုရှားခရီးသည်များရောက်ရှိလာမှုကို မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ ရုရှားသံရုံးက ကြေညာချက်ထုတ်ပြန်၍ အတည်ပြုထားသည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ရုရှားသမ္မတ ပူတင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့ ရုရှားအရှေ့ဖျားဒေသ ဗလာဒီဗော့စတော့မြို့၌တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံသို့ ရုရှားခရီးသွားများ စတင်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဆိုင်းနိုင်းကျွန်းဆွယ်သို့ တင့်ကားများ အီဂျစ်နိုင်ငံ စေလွှတ်ထား

**ကိုင်ရို ဖေဖော်ဝါရီ ၁၀**

အီဂျစ်နိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း အီဂျစ်နိုင်ငံ အရှေ့မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်ဒေသသို့ တင့်ကားနှင့် သံချပ်ကာလူသယ်ယာဉ် အစီး ၄၀ ခန့် စေလွှတ်ထားကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ဂါဇာကမ်းမြောင်နှင့်ထိစပ်နေသည့် အီဂျစ်နယ်စပ်ဒေသများ လုံခြုံရေးကို မြှင့်တင်ရေးအတွက် ဆိုင်းနိုင်းကျွန်းဆွယ်သို့ တင့်ကားနှင့် သံချပ်ကာစစ်သည်တင်ယာဉ်များ စေလွှတ်ထားခြင်းဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ဝန်းကျင်၌ မြေပြင်စစ်ဆင်ရေးများ ချဲ့ထွင်နေမှုကြောင့် ဆိုင်းနိုင်းကျွန်းဆွယ် လုံခြုံရေးကို အီဂျစ်အစိုးရက တင်းကျပ်ထားခြင်းဖြစ်သည်။

အစ္စရေး၏ စစ်ဆင်ရေးများကြောင့် ရာဖာမြို့မှ ပါလက်စတိုင်းလူမျိုးများ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသတွင်းသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်လာမည့်အရေးကို အီဂျစ်နိုင်ငံက စိုးရိမ်လျက်ရှိသည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့အကြား စစ်ပွဲစတင်ခဲ့သော ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ အီဂျစ်နိုင်ငံသည် ဆိုင်းနိုင်းကျွန်းဆွယ်၌ ကွန်ကရစ်စည်းရိုးများ စတင်တည်ဆောက်ခဲ့သည်။

ရာဖာသည် ဆိုင်းနိုင်းကျွန်းဆွယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဂါဇာကမ်းမြောင်မြို့ကြီး တစ်မြို့ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အာရှတစ်လွှားမှနိုင်ငံများ တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပ



**ပေကျင်း ဖေဖော်ဝါရီ ၁၀**

တရုတ်နိုင်ငံနှင့်အာရှတစ်လွှားမှ ပြည်သူများသည် ယနေ့တွင် တရုတ် နှစ်သစ်ကူးပွဲတော်ကို ခမ်းနားစွာကျင်းပခဲ့ကြသည်။

တရုတ်နှစ်သစ်ကူးနေ့တွင် အာရှတစ်လွှားမှ တရုတ်လူမျိုးများသည် မိသားစုဝင်များတွေ့ဆုံခြင်း၊ ပွဲလမ်းသဘင်များကျင်းပခြင်း၊ ဘုရားဝတ်ကျောင်းများ၌ ဆုမွန်ကောင်းများတောင်းခြင်းဖြင့် နှစ်သစ်ကူးပွဲတော်များဆင်နွှဲခဲ့ကြသည်။

ပေကျင်းမြို့တွင် တရုတ်ပြည်သူများသည် ဘုရားကျောင်းကန်များသို့သွားရောက်၍ နှစ်သစ်အတွက် ဆုတောင်းခဲ့ကြပြီး ရိုးရာပွဲလမ်းသဘင်များကို အားပေးခဲ့ကြသည်။

ယခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံအပြင် တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မလေးရှားအပါအဝင် အာရှနိုင်ငံများမှ တရုတ်အမျိုးသားများလည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယခုနှစ်သည် တရုတ်ရိုးရာ တိရစ္ဆာန်ပုံပြ ပြက္ခဒိန်အရ နဂါးနှစ်ဖြစ်ပြီး တရုတ်လူမျိုးများအတွက် ကျက်သရေမင်္ဂလာအရှိဆုံးနှစ်တစ်နှစ်လည်းဖြစ်သည်။

နဂါးနှစ်တွင် တရုတ်ဇနီးမောင်နှံများသည် နဂါးများက ကိုယ်စားပြုထားသည့်စွမ်းရည်များပိုင်ဆိုင်သော ရင်သွေးများမွေးဖွားနိုင်ရန်မျှော်လင့်ထားကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုမြှင့်တင်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဆာဂေးရှိဂူး ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၁၀**

စစ်သုံးမောင်းသူမဲ့လေယာဉ်များ ထုတ်လုပ်မှုလုပ်ငန်းမှာ ပြီးခဲ့သည့်နှစ်အတွင်း အားကောင်းမြင့်တက်လာခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိဂူးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နှစ်နှစ်နီးပါးကြာ ယူကရိန်း အထူးစစ်ဆင်ရေးများအတွင်း မောင်းသူမဲ့လေယာဉ်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချခဲ့သည်။

သို့သော် တစ်ခါတစ်ရံ ရုရှားနိုင်ငံသည် ဈေးနှုန်းသက်သာသည့် အီရန်နိုင်ငံထုတ် ရှာဟက်ဒ်မောင်းသူမဲ့လေယာဉ်များကိုသာ ယူကရိန်းစစ်မြေပြင်အတွက် အားပြုမှီခိုခဲ့ရဖူးသည်။

ရုရှားနိုင်ငံ၏ မောင်းသူမဲ့လေယာဉ်တည်ဆောက်ထုတ်လုပ်နိုင်စွမ်း မြင့်မားလာခဲ့မှုကြောင့် မိမိတို့ လက်ရှိရင်ဆိုင်နေရသည့် စစ်ရေးတာဝန်များကို အပြီးသတ်နိုင်စွမ်း ရှိလာလိမ့်မည်ဖြစ်သည်ဟု ရုရှား ကာကွယ်ရေးဝန်ကြီးက ထုတ်ဖော် ပြောကြားထားကြောင်း သိရသည်။

သို့သော် ရုရှား၏ မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် အသိဉာဏ်တုနည်းပညာနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းပညာများ အသုံးချမှုနှင့်ပတ်သက်သည့် ပြဿနာများအားဖြေရှင်းရန်လိုအပ်နေဆဲဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိဂူးက ရုရှားထိပ်တန်းတပ်မှူးများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယူကရိန်းစစ်ပွဲနှင့်ပတ်သက်ပြီး စစ်ရေးအရ ချိုးဖျက်ရန် ရုရှားအစိုးရကကြိုးပမ်းနေစဉ် ရုရှားစစ်လက်နက်စက်မှုလုပ်ငန်းများကလည်းထုတ်လုပ်မှုများ မြှင့်တင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရွေးကောက်ပွဲအနိုင်ရရှိကြောင်း အကျဉ်းထောင်ထဲရှိ ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကြေညာ

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၀**

ပါကစ္စတန် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပြီဖြစ်ကြောင်း ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက ဖေဖော်ဝါရီ ၉ ရက်တွင် အကျဉ်းထောင်မှတစ်ဆင့် ကြေညာခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် အသိဉာဏ်တုနည်းပညာကို အသုံးပြုဖန်တီးထားသည့်မိန့်ခွန်းစကားဖြင့်ရွေးကောက်ပွဲအောင်ပွဲကို ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အစိုးရပြိုင်ဘက်ဝန်ကြီးချုပ်ဟောင်း နဝပ်ဇ်ရှရစ်ဖ်၏ ရွေးကောက်ပွဲအနိုင်ရလဒ်ကြေညာထားမှုကိုလည်း အီမရန်ခန်းက ငြင်းပယ်ခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သော ပါကစ္စတန်လွှတ်တော်ရွေးကောက်ပွဲများ၌အနိုင်ရထားကြောင်း အီမရန်ခန်းအပြင် ဝန်ကြီးချုပ်ရှရစ်ဖ်ကလည်း ကြေညာထားသည်။

ဖေဖော်ဝါရီ ၈ ရက် လွှတ်တော်ရွေးကောက်ပွဲတွင် အီမရန်ခန်းကို ထောက်ခံသည့်တစ်သီးပုဂ္ဂလအမတ်များက အမတ်နေရာ ၂၂၆ နေရာ အနက် ၁၀၀ ကျော်ထိ ရယူထားကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း ရှရစ်ဖ်၏ ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်ပါတီကမူ အမတ်နေရာပေါင်း ၇၁ နေရာရရှိထားပြီး ပါကစ္စတန်ပြည်သူ့ပါတီကမူ ၅၃ နေရာ ရရှိထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Crew Dragon အာကာသလူသယ်ယာဉ် ဖေဖော်ဝါရီ ၉ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်း ပြန်လည်ဆင်းသက်ခဲ့




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

ပုဂ္ဂလိက အာကာသခရီးသည် လေးဦးလိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖေဖော်ဝါရီ ၉ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်အတွင်း ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Ax-3 အမည်ရှိ မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း ခရီးစဉ်ကို အဆုံးသတ်ပြီးနောက် ဖေဖော်ဝါရီ ၉ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ လေထီးများအကူအညီဖြင့် ဆင်းသက်ခဲ့ကြောင်း Sapce-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့သည်။

အဆိုပါမစ်ရှင်သည် အချိန်ကာလ သီတင်းသုံးပတ်ကြာမြင့်ခဲ့ရာ အချိန်အကြာဆုံး ပုဂ္ဂလိက အာကာသခရီးစဉ် ဖြစ်ခဲ့ရသည်။

Ax-3 မစ်ရှင်သည် Space-X ကုမ္ပဏီနှင့် Axiom Space ကုမ္ပဏီတို့ ပူးတွဲစီစဉ်ခဲ့သော တတိယမြောက် ပုဂ္ဂလိကအာကာသခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Polaris Dawn မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီက ယခုနှစ်နွေဦးရာသီထိ ရွှေ့ဆိုင်းထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Polaris Dawn အမည်ရှိ မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ယခုနှစ် နွေဦးရာသီထိ ရွှေ့ဆိုင်းထားကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

Polaris Dawn မစ်ရှင်သည် ပုဂ္ဂလိက အာကာသခရီးသည်များက အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုကို ပထမဆုံးအကြိမ် ပြုလုပ်မည့် မစ်ရှင်ဖြစ်သည်။

Space-X ကုမ္ပဏီသည် မူလက Polaris Dawn မစ်ရှင်ကို ယခုနှစ် ဧပြီလတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်မည့် Polaris Dawn မစ်ရှင်အရ Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိကခရီးသည်လေးဦးကို သယ်ဆောင်သွားမည်ဖြစ်သည်။



လွှတ်တင်ပြီးချိန်တွင် အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာပတ်လမ်းပေါ်တွင် ငါးရက်ကြာပျံသန်း၍ ပုဂ္ဂလိက အာကာသခရီးသည်များ၏ အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Polaris Dawn မစ်ရှင်အတွင်း Crew Dragon အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့်ချိတ်ဆက်မည် မဟုတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အင်ဂျီနျူတီရဟတ်ယာဉ် နောက်ဆုံးဆင်းသက်ခဲ့ရာနေရာကို Valinor Hills ဟူ၍ နာဆာက အမည်ပေးထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

အင်ဂျီနျူတီရဟတ်ယာဉ် နောက်ဆုံးဆင်းသက်ခဲ့ရာနေရာကို Valinor Hills ဟူ၍ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က အမည်ပေးထားကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ပန်ကာဒလက်ကျိုးပဲ့မှုကြောင့် မစ်ရှင်သက်တမ်းကုန်ဆုံးခဲ့ရပြီဖြစ်သော အင်ဂျီနျူတီရဟတ်ယာဉ်ကို ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါ ရဟတ်ယာဉ် နောက်ဆုံးဆင်းသက်ခဲ့ရာနေရာကို Valinor Hills ဟူ၍ နာဆာက အမည်ပေးထားခြင်းဖြစ်သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ဇန်နဝါရီ ၁၈ ရက်တွင် ၇၂ ကြိမ်မြောက် အင်္ဂါဂြိုဟ်ကင်းထောက်တာဝန်ကို ပျံသန်းခဲ့ပြီးနောက် ဂြိုဟ်မျက်နှာပြင်ပေါ် ပြန်အဆင်းတွင် ပန်ကာဒလက်များ ပျက်စီးခဲ့ရသည်။

Valinor Hills ဟူသောအမည်သည် ကမ္ဘာကျော်စာရေးဆရာ ဂျေအာရ်အာရ်တော်လ်ကီအန်၏ The Lord of The Rings ဝတ္ထုများထဲတွင် ပါဝင်သောတည်နေရာတစ်ခုဖြစ်သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်နှင့်အတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ်ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ်သို့ ဆင်းသက်ခဲ့သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပျံသန်းနိုင်စွမ်းမရှိတော့ပြီဖြစ်သော်လည်း ၎င်းရယူထားသော သတင်းအချက်အလက်များကို ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ထံ ပေးပို့နိုင်ဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## စိတ်ကျဝေဒနာနှင့် ကိုယ်ခန္ဓာအပူချိန် မြင့်တက်လာမှုတို့ကြား ဆက်စပ်နေဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

စိတ်ကျဝေဒနာနှင့် ကိုယ်ခန္ဓာအပူချိန် မြင့်တက်လာမှုတို့ကြား ဆက်စပ်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်တွင်းအပူချိန် မြင့်တက်မှုသည် စိတ်ကျဝေဒနာ အတိုင်းအဆနှင့် ဆက်နွယ်နေကြောင်း သိရသည်။

သို့ရာတွင် ကိုယ်တွင်းအပူချိန် မြင့်တက်မှုနှင့် စိတ်ကျဝေဒနာတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၁၀၆ နိုင်ငံတို့မှ လူပေါင်း ၂၀၀၀၀ ကျော်တို့၏ ကိုယ်ခန္ဓာအပူချိန်နှင့် ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ စိတ်ကျဝေဒနာ ပိုမိုပြင်းထန်လာလေလေ ကိုယ်တွင်းအပူချိန်လည်း ပိုမိုမြင့်တက်လာလေလေ ဖြစ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ကိုယ်တွင်းအပူချိန်ကို ထိန်းချုပ်ခြင်းသည် စိတ်ကျဝေဒနာကို ကုသသည့်ကုထုံးဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဆယ်လ်မွန်ငါး စားသုံးခြင်းဖြင့် သွေးအတွင်း ကိုလက်စထရော စုစည်းမှုအဆင့်ကို လျှော့ချပေးနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

ဆယ်လ်မွန်ငါးစားသုံးခြင်းဖြင့် သွေးအတွင်း ကိုလက်စထရောစုစည်းမှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဆယ်လ်မွန်ငါးတွင် ပါဝင်သော ဓာတုဒြပ်ပေါင်းလေးမျိုးသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆယ်လ်မွန်ငါးများတွင် ဓာတုဒြပ်ပေါင်းအနည်းဆုံး အမျိုး ၃၀ ပါဝင်ပြီး လေးမျိုးတို့မှာ နှလုံးသွေးကြောကျန်းမာရေး မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ကိုလက်စထရောများသည် သွေးကြောများအတွင်းစုစည်း၍ သွေးကြောများကို ပြန့်ဖျက်ဆီးတတ်သော အဆီဓာတ်များဖြစ်ကြသည်။

သွေးကြောများအတွင်း ကိုလက်စထရောစုစည်းမှုမြင့်မားလာပါက လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေများ မြင့်တက်လာတတ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် အစားအစာဓာတုဒြပ်ပေါင်း ၁၅၁၈ မျိုးတို့ကိုလေ့လာပြီးနောက် ဆယ်လ်မွန်ငါးများတွင် ပါဝင်ပြီး ကိုလက်စထရောလျှော့ချနိုင်သည့် ဓာတုဒြပ်ပေါင်းများကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# ဇန်နဝါရီလအတွက် စီးရီးအေအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူးဗလာဟိုဗစ် ရရှိ

**ရောမ ဖေဖော်ဝါရီ ၁၀**

ဇန်နဝါရီလအတွက် စီးရီးအေ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဂျူဗင်တပ်အသင်း တိုက်စစ်မှူးဗလာဟိုဗစ်က ဆွတ်ခူးခဲ့ပြီး ၎င်းအနေဖြင့် ယခုနှစ်အတွင်း ဒုတိယမြောက် အကောင်းဆုံးဆု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဇန်နဝါရီလ အတွင်းကစားခဲ့သည့် အမှတ်ပေး ပြိုင်ပွဲ လေးပွဲတွင် သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ အသင်းကို အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် ကူညီပေးနိုင်ခဲ့သောကြောင့် တစ်လတာအကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဗလာဟိုဗစ်သည် တစ်လတာ အကောင်းဆုံး ကစားသမားဆု အတွက် တိုရီနိုကစားသမားအလက်ဇန်ဒရို၊ ဂျီနိုအာအသင်းကစားသမား ဂူမန်ဆန်၊ အေစီမီလန်အသင်း ကစားသမား လော့တပ်ချီ၊ အင်တာမီလန်အသင်း ကစားသမားမာတီနက်ဇ်၊ အမ်ပိုလီအသင်းကစားသမား ဇာကော့စကီးတို့ကို ကျော်ဖြတ်၍ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး စီးရီးအေ ကစားသမားဘဝတစ်လျှောက်တွင် တတိယအကြိမ်မြောက် အကောင်းဆုံးဆုရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေး ပြိုင်ပွဲ ၂၀ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သဖြင့် အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်၏ သွင်းဂိုး ၁၉ ဂိုးပြီးလျှင် ဗလာဟိုဗစ်က ဒုတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမား အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- အေတီကိုနှင့် ချဲလ်ဆီးအသင်း တိုက်စစ်မှူးဟောင်း ဒီယေဂိုကော်စတာသည် ဘရာဇီးကလပ် ဂရီမီယိုအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ပြီး ရက်ပိုင်းအတွင်း ဆေးစစ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် ဘာစီလိုနာအသင်းက စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား ရာဘီယို့စ်ကို ခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ကာ လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဒေါ့မွန်အသင်းက ဖရိုင်းဘတ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ဒေါ့မွန်ပရိသတ်များက ကွင်းအတွင်း တင်းနစ်ဘောလုံးများဖြင့် ပစ်ပေါက်မှုပြုလုပ်ခဲ့သဖြင့် ပွဲကစားချိန် ၁၀ မိနစ်ခန့် ရပ်နားခဲ့ရကြောင်း သိရသည်။

**ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၄) ရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၀ | အဲဗာတန် |
| ဖူလ်ဟမ် | ၃ | - | ၁ | ဘုန်းမောက် |
| လီဗာပူး | ၃ | - | ၁ | ဘန်လေ |
| လူတန် | ၁ | - | ၃ | ရှက်ဖီးလ်(ယူ) |
| စပါး | ၂ | - | ၁ | ဘရိုက်တန် |
| ဝုဗ် | ၀ | - | ၂ | ဘရန့်ဖို့ဒ် |

**(ဝ၄၀)**

# အင်ဒိုနီးရှားနိုင်ငံ လေ့ကျင့်ရေးခရီးစဉ်နောက်ဆုံးခြေစမ်းပွဲစဉ်၌ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် Regional East Java အသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေပြီး လေ့ကျင့်ရေးခရီးစဉ်နောက်ဆုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်ဒိုနီးရှားကလပ် Regional East Java အသင်းနှင့်ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ မြန်မာ့လက်ရွေးစင် အသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သောကြောင့် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အင်ဒိုနီးရှားလေ့ကျင့်ရေးခရီးစဉ်အတွင်း ပထမဆုံး ခြေစမ်းပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၈ ရက်က Bintang Timur အသင်းနှင့်ကစားခဲ့ရာ ၁၁ ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်က ဒုတိယပွဲစဉ်အဖြစ် Bintang Timur အသင်းနှင့်ဆက်လက်ကစားခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ပြီး တတိယပွဲစဉ်တွင် Regional East Java အသင်းနှင့်ကစားခဲ့ရာ သရေလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင် အုပ်စု(က)၌ အိမ်ရှင်ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

**STA**

# မန်စီးတီးအသင်းက နည်းပြဂွါဒီယိုလာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကနဦးဆွေးနွေးမှုပြုလုပ်

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၀**

မန်စီးတီးအသင်းသည်လာမည့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် နည်းပြဂွါဒီယိုလာကို စာချုပ်သက်တမ်းတိုးနိုင်ရန် ကနဦးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက် ၅၃ နှစ်ရှိ နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆ ခုနှစ်က တာဝန်ယူခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၄၇ ပွဲတာဝန်ယူခဲ့ရာတွင် ပွဲ ၃၃၀ နိုင်၊ သရေ ၅၃ ပွဲနှင့် ရှုံးပွဲ ၆၄ ပွဲထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ အသင်းကိုပရီးမီးယားလိဂ်ဆု ဖလားငါးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ကွန်မြူနတီဒိုင်းနှစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ ကွာရာဘောင်းဖလား လေးကြိမ်၊ ယူအီးအက်ဖ်အေစူပါကပ်တစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် သက်တမ်းတိုးနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်း တာဝန်ရှိသူများက သက်တမ်းတိုးစာချုပ်နှင့်ပတ်သက်၍ နည်းပြဂွါဒီယိုလာ၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းလျက်ရှိနေကာ နွေရာသီအပြောင်းအရွှေ့ကာလတွင် သဘောတူညီမှုရယူနိုင်ရန် ပစ်မှတ်ထားကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာသည် ယခုနှစ်ပြိုင်ပွဲစုံတွင် မန်စီးတီးအသင်းကို ရလဒ်ကောင်းများရယူပေးနိုင်ခဲ့ပြီး ကွာရာဘောင်းဖလား ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း အက်ဖ်အေဖလားပြိုင်ပွဲတွင် ပဥ္စမအဆင့်သို့လည်းကောင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆ သင်းအဆင့်သို့လည်းကောင်း ရောက်ရှိခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် တစ်ပွဲလျှော့ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၁)မှ လီဗာပူးအသင်းနှင့် နှစ်မှတ်သာကွာဟနေသဖြင့် ချန်ပီယံဆုကိုကာကွယ်နိုင်ရန် အခွင့်အရေးကောင်းနေကာ ဖလားသုံးလုံးလမ်းကြောင်းပေါ်တွင် ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# စပိန်တရားရုံးက ဘာစီလိုနာအသင်းကို ယူရို ၂၃ သန်းပေးဆောင်ရန် အမိန့်ချမှတ်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၀**

ဘာစီလိုနာအသင်းသည် ကစားသမား၏ အေးဂျင့်များအတွက် ငွေပေးချေရာတွင် တစ်ဦးချင်းဝင်ငွေခွန် ရှောင်လွှဲခဲ့မှုကြောင့် ယူရိုငွေ ၂၃ သန်း ဒဏ်ငွေပေးဆောင်ရန် စပိန်တရားရုံးက ဇန်နဝါရီ ၉ ရက်က အမိန့်ချမှတ်လိုက်သည်။

ဘာစီလိုနာအသင်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကစားသမားများ၏ အေးဂျင့်များအတွက် ငွေပေးချေရာတွင် အခွန်ရှောင်လွှဲခဲ့သည့်အတွက် စပိန်နိုင်ငံတရားရုံးက ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သကဲ့သို့ အဆိုပါပြစ်ဒဏ်နှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်ကတည်းက Central Economic Administrative Court (CEAC)က ဘာစီလိုနာအသင်းအနေဖြင့် တစ်ဦးချင်းဝင်ငွေခွန် ရှောင်လွှဲခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းက ကစားသမားများ၏ အေးဂျင့်များသည် ကလပ်အသင်းနှင့်မဆိုင်ဘဲ ကစားသမားများနှင့်သာ ဆိုင်ကြောင်း၊ အသင်းအနေဖြင့် ကစားသမားများ၏ လုပ်ခလစာပေးချေမှုကိုသာ ပြုလုပ်ခြင်းဖြစ်ကြောင်း ဖြေရှင်းချက်ထုတ်ပြန်ခဲ့ပြီး လက်ရှိတွင် အသင်းအနေဖြင့် စပိန်နိုင်ငံ တရားရုံးချုပ်သို့ အယူခံတင်သွင်းရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း အေးဂျင့်များသည် အများအားဖြင့်ကစားသမားများ၏ မိသားစုများသာဖြစ်ပြီး ကစားသမားများ အတွက်သာ ကိုယ်စားပြုခြင်းဖြစ်ပြီး ကလပ်အသင်းများက ကစားသမားအတွက် လုပ်ခလစာ ပေးချေခြင်းသာဖြစ်သည်ဟု သက်သေခံပြောကြားပေးခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ၂၀၂၀-၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ ကာလအတွင်း ဝင်ငွေစတာလင်ပေါင် သန်း ၄၀၀ ထိဆုံးရှုံးခဲ့ရပြီးနောက် တိုက်စစ်မှူးမက်ဆီကို ပီအက်စ်ဂျီအသင်းသို့ ရောင်းချခဲ့ရသော်လည်း အသင်းအနေဖြင့် လက်ရှိအချိန်ထိ ဘဏ္ဍာရေးအကျပ်အတည်းမှ ရုန်းထွက်နိုင်ရန်ကြိုးပမ်းနေရကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်တွင် တီအိုဖီမိုက အော့တစ်ဂ်ကိုအနိုင်ရရှိ



**ပါရာဒိုက်စ် ဖေဖော်ဝါရီ ၁၀**

WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံအမေရိကန်လက်ဝှေ့သမားတီအိုဖီမိုက အမေရိကန်လက်ဝှေ့သမား အော့တစ်ဂ်နှင့် ဖေဖော်ဝါရီ ၉ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ပါရာဒိုက်စ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ တီအိုဖီမိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တီအိုဖီမိုသည် လိုက်ဝိတ်တန်းတွင် WBA(Super)၊ IBF၊ WBO ခါးပတ်များကို ဆုံးရှုံးခဲ့ရပြီးနောက် ဝယ်သာဝိတ်တန်းသို့ ရွှေ့ပြောင်းထိုးသတ်ကာ WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၃ ခုနှစ် ဇွန်လတွင်ရရှိခဲ့သည်။

၎င်းသည် WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် လက်ရှိချန်ပီယံဆုကို ပထမဦးဆုံးအကြိမ်ကာကွယ်ထိုးသတ်ခဲ့ခြင်းလည်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကို အောင်မြင်စွာကာကွယ်နိုင်ခဲ့ပြီးနောက် WBA (Super)၊ WBC၊ IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်ကို တရားဝင်စိန်ခေါ်မှုပြုလုပ်ခဲ့သည်။

တီအိုဖီမိုသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ဝင်ရောက်လာခဲ့ပြီးနောက် ရှုံးပွဲတစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံဆုအတွက် ခရောဖို့ဒ်နှင့်ထိုးသတ်ရန် စိန်ခေါ်ခဲ့ခြင်းလည်းဖြစ်သည်။

တီအိုဖီမိုက "ကျွန်တော့်ကစားသမားဘဝမှတ်တမ်းကိုပြန်ကြည့်ရင် ဂုဏ်ယူစရာရလဒ်တွေ ရယူထားနိုင်ခဲ့ပါတယ်။ လက်ဝှေ့သမားဘဝကို ကောင်းမွန်စွာ ဖြတ်သန်းနေတဲ့ ကျွန်တော့်အတွက် နောက်ထပ်ဂုဏ်ယူစရာအောင်မြင်မှုကိုရယူချင်တယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူသလို ဝယ်သာဝိတ်တန်းရဲ့ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံတစ်ယောက်ဖြစ်လာဖို့အရေးက ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက် ဖြစ်ပါတယ်။ ဒါကြောင့်လဲ အော့တစ်ဂ်ကိုအနိုင်ယူပြီးတော့ ခရောဖို့ဒ်ကိုချက်ချင်းစိန်ခေါ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဟက်ဒက်မိုင်အာ တက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၀**

အာရပ် စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်အာနှင့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟက်ဒက်မိုင်အာက (၆-၃ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၆) အဖြစ် သတ်မှတ်ခံထားရသည့် ဟက်ဒက်မိုင်အာနှင့် နိုင်ခြေအဆင့်(၂)အဖြစ် သတ်မှတ်ခံထားရသည့် အွန်ဂျပ်ဘာတို့ပွဲစဉ်တွင် အွန်ဂျပ်ဘာက အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း ဟက်ဒက်မိုင်အာက အကောင်းဆုံးလက်စွမ်းပြသွားခဲ့ပြီး အွန်ဂျပ်ဘာအားပွဲချိန် ၁ နာရီ မိနစ် ၃၀ အကြာယှဉ်ပြိုင်ကစားကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဟက်ဒက်မိုင်အာသည် ပြိုင်ပွဲ၏ ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ်လင်နက်တီနှင့်ယှဉ်ပြိုင်ကစားခဲ့စဉ်က ပွဲချိန် ၃ နာရီ ၄၂ မိနစ်ထိကြာမြင့်ခဲ့ပြီး ယင်းပွဲစဉ်သည် လက်ရှိအချိန်ထိ ၂၀၂၄ ခုနှစ် တင်းနစ်ရာသီ၏ ပွဲချိန်အကြာဆုံးသော ပွဲစဉ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဟက်ဒက်မိုင်အာက "ပြိုင်ပွဲက တော်တော်လေး အကြိတ်အနယ်ရှိပါတယ်။ ဒုတိယအဆင့်ကတည်းက တော်တော်လေးကိုရေကုန်ရေခမ်းကစားခဲ့ရတယ်။ ဒုတိယအဆင့်မှာကစားခဲ့ရတဲ့ ပွဲစဉ်မှာဆိုရင် လက်ရှိအချိန်အထိဒီနှစ်ရဲ့ ပွဲချိန်အကြာဆုံး ပွဲစဉ်တစ်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့တယ်။ ဆီမီးဖိုင်နယ်အဆင့်ဟာ ပိုပြီးတော့ခက်ခဲလိမ့်မယ်။ အကောင်းဆုံးတော့ ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

ဟက်ဒက်မိုင်အာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အာဆင်နယ်အသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘီလ်ဘာအိုအသင်းမှ နစ်ကိုးဝီလီယံကိုခေါ်ယူရန် ကင်းထောက်စေလွှတ်ထား

**လန်ဒန် ဖေဖော်ဝါရီ ၁၀**

အာဆင်နယ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘီလ်ဘာအိုအသင်းမှ လူငယ်တောင်ပံကစားသမားနစ်ကိုးဝီလီယံကို ခေါ်ယူရန်အတွက် ခြေစွမ်းပိုင်းစောင့်ကြည့်ရန် ကင်းထောက်စေလွှတ်ထားကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ နစ်ကိုးဝီလီယံသည် ဘီလ်ဘာအိုအသင်းအကယ်ဒမီမှထွက်ပေါ်ခဲ့သည့် လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုကာ အသင်းနှင့်စတင်ပူးပေါင်းခဲ့ပြီးနောက် အသင်းတွင် အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

နစ်ကိုးဝီလီယံသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၂၄ ပွဲထိ ပါဝင်ကစားခဲ့ကာ ငါးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိပြုလုပ်၍ ခြေစွမ်း ပြသလျက်ရှိနေသည့်အတွက် အာဆင်နယ်အသင်းက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ခေါ်ယူရန် ကင်းထောက်စေလွှတ်ပြီး ခြေစွမ်းပိုင်းကို စောင့်ကြည့်စေခဲ့ခြင်းဖြစ်သည်။

ဘီလ်ဘာအိုအသင်းနှင့်ခြေစွမ်းပြသလျက်ရှိနေသည့် နစ်ကိုးဝီလီယံကို စပိန်ထိပ်တန်းကလပ်အသင်းများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းတို့အပြင် လီဗာပူးအသင်းကလည်း စောင့်ကြည့်လျက်ရှိနေသည့်အတွက် အာဆင်နယ် အသင်းကလည်း အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# Phoenix Open ပြိုင်ပွဲ အမှတ်ပေးဇယားကို နစ်ခ်တေလာနှင့်နိုဗက်တို့ ပူးတွဲဦးဆောင်

**အရီဇိုးနား ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား နိုဗက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားမက်နယ်လေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားမက်ဒေါင်မ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားထိပ်တွင် နိုဗက်နှင့် ပူးတွဲရပ်တည်နေသည့် နစ်ခ်တေလာသည် ပထမနေ့တွင် ပြိုင်ပွဲ၏ စံချိန်တင်မှတ်တမ်းဖြစ်သည့် ၁၈ ကျင်းတွင် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်ထိလျော့ရိုက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သော်လည်း ဒုတိယနေ့တွင် ရလဒ်များကျဆင်းခဲ့ပြီး ပထမနေ့တွင်ရရှိခဲ့သည့် စံချိန်တင်ရိုက်ချက်ကြောင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက် ရပ်တည်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

နိုဗက်က "ပထမနေ့မှာကော ဒုတိယနေ့မှာပါ ရလဒ်ပိုင်းတည်ငြိမ်ခဲ့သလို စွမ်းဆောင်ရည်ပိုင်းကလဲ တည်ငြိမ်ခဲ့တယ်။ ပြိုင်ပွဲမှာ အရေးကြီးဆုံးက လက်စွမ်းပိုင်း တည်ငြိမ်ဖို့ပါဘဲ။ လက်ကျန်နှစ်ရက်မှာလဲ လက်စွမ်းပိုင်း တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အပြာကတ်စနစ်အသုံးပြုခြင်းသည် ကောင်းမွန်သည့်စိတ်ကူးမဟုတ်ဟု လီဗာပူးအသင်းနည်းပြကလော့ပ် ဝေဖန်ပြောကြား



**လန်ဒန် ဖေဖော်ဝါရီ ၁၀**

လီဗာပူး အသင်းနည်းပြကလော့ပ်က ဘောလုံးပွဲစဉ်များတွင် အပြာကတ်အသုံးပြုမည့်စနစ်သည် ကောင်းမွန်သည့် စိတ်ကူးမဟုတ်ဟု ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိ ဘောလုံးလောကတွင် အဝါကတ်နှင့် အနီကတ်နှစ်မျိုးတည်းကိုသာအသုံးပြုလျက်ရှိနေပြီး လာမည့်ဘောလုံးရာသီ အက်ဖ်အေဖလားပြိုင်ပွဲတွင် အပြာကတ်ကို စတင်အသုံးပြုရန်စီစဉ်ခဲ့ခြင်းကို နည်းပြကလော့ပ်က ပြစ်တင်ဝေဖန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဘောလုံးလောကတွင် ကစားသမားများ ပြစ်ဒဏ်ကျူးလွန်ရာတွင် နည်းပါးပါက အဝါကတ်ပြသတိပေးခံရပြီး ပြင်းပြင်းထန်ထန်ပြစ်ဒဏ်ကျူးလွန်ပါက အနီကတ်ပြထုတ်ပယ်ကာ အဝါကတ်နှစ်ကြိမ်ပြသခံရလျှင်လည်း အနီကတ်ပြထုတ်ပယ်သည့်စနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။

အပြာကတ် စည်းမျဉ်းသည် ကစားသမားများအနေဖြင့် ပြစ်ဒဏ်ကျူးလွန်ပါက ဒိုင်လူကြီးများက အဝါကတ် သို့မဟုတ် အပြာကတ်ကို ပြသနိုင်မည်ဖြစ်ပြီး အပြာကတ်ပြသခံရသည့် ကစားသမားအနေဖြင့် ကွင်းပြင်ပသို့ ၁၀ မိနစ်ထွက်ခွာရမည်ဖြစ်သည်။

အလားတူ အပြာကတ်နှစ်ကြိမ်ပြသခံရခြင်း သို့မဟုတ် အပြာကတ်တစ်ကြိမ်နှင့် အဝါကတ်တစ်ကြိမ်ပြသခံရလျှင်လည်း အနီကတ်ဖြင့် ထုတ်ပယ်ခံရမည်ဖြစ်သည်။

နည်းပြကလော့ပ်က "ကျွန်တော်ကတော့ ရိုးရှင်းတဲ့စနစ်တွေကို သဘောကျပါတယ်။ တတ်နိုင်သလောက် အရိုးရှင်းဆုံးစည်းမျဉ်းတွေကိုသာ အသုံးပြုသင့်ပါတယ်။ အပြာကတ်အသုံးပြုမဲ့ စနစ်က စိတ်ကူးကောင်းမွန်တဲ့ စနစ်လို့ ကျွန်တော်မထင်ပါဘူး"ဟု ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၂ | - | ၂ | လိုက်ပ်ဇစ် |
| ဂလာဘတ် | ၀ | - | ၀ | ဒမ်စတက် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဘိုချမ် |
| ယူနီယံဘာလင် | ၁ | - | ၀ | ဝုဗ်ဘတ် |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဟီဒန်ဟိမ်း |

(၀၄၀)

# ဖိလစ်ပိုင်နိုင်ငံ၏ရေငုပ်သင်္ဘောပိုင်ဆိုင်ရေး ကြိုးပမ်းမှုများ

မောင်ဝေလွှမ်း(သုတေသီ)

စစ်ရေးစွမ်းရည် တည်ဆောက်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် အရှေ့တောင်အာရှနိုင်ငံများတွင် ဖိလစ်ပိုင်နိုင်ငံလည်း ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ၁၅ နှစ် သက်တမ်းရှိ တပ်မတော်ခေတ်မီအဆင့်မြှင့်တင်ရေးအစီအစဉ်ကို ၂၀၁၃ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ပထမငါးနှစ်စီမံကိန်းဖြစ်သည့် ၂၀၁၃-၂၀၁၇ ခုနှစ်တွင် ဘဏ္ဍာငွေလုံလောက်မှုမရှိခြင်းကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။

ထို့နောက်တွင် ဒုတိယငါးနှစ်စီမံကိန်းကို ၂၀၁၈-၂၀၂၂ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည်။ ပထမ အစီအစဉ်တွင် စစ်လက်နက်ပစ္စည်းများ ၁၀ ရာခိုင်နှုန်းကိုအဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဒုတိယအဆင့်တွင် ၅၀ ရာခိုင်နှုန်းကို အဆင့်မြှင့်တင်နိုင်ခဲ့သည်။ တတိယအဆင့် ခေတ်မီအဆင့်မြှင့်တင်ရေးတွင် ကျန်ရှိသည့်စစ်လက်နက်ပစ္စည်းများကို ခေတ်မီအဆင့်မြှင့်တင်မည်ဖြစ်သော်လည်း ရေတပ်တည်ဆောက်မှုအတွက် ပိုမိုအလေးပေးလာခဲ့သည်။

**ရင်ဆိုင်ရသည့်စိန်ခေါ်မှုများ**

သို့သော်လည်း ကာကွယ်ရေးနှင့်ပတ်သက်၍ ခြုံငုံကြည့်ပါက ပြည်တွင်းလုံခြုံရေး ဆောင်ရွက်ရန်နှင့် လက်နက်ကိုင်သောင်းကျန်းမှု တန်ပြန်နှိမ်နင်းရေး ဆောင်ရွက်ရန်အတွက် လိုအပ်သည့် စစ်လက်နက်ပစ္စည်းများနှင့် ဖိလစ်ပိုင်ရေပိုင်နက်ကို ပြည်ပနိုင်ငံများက ကျူးကျော်မှု၊ အထူးသဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်က ကျူးကျော်မှုကို ကာကွယ်ရန်လိုအပ်မှုကြီးထွားလာခြင်းကြား ကဏ္ဍအလိုက်ကွဲပြားလျက်ရှိသည်။ တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှုဖြစ်စဉ်နှင့်အတူ ၂၀၂၃ ခုနှစ်အောက်တိုဘာလအတွင်းက တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်နှင့်ဖိလစ်ပိုင်ရေယာဉ်တို့ကြား ပဋိပက္ခဖြစ်မှုသည် ဖိလစ်ပိုင်တို့အတွက် စိုးရိမ်မှုကို ပိုမိုမြင့်တက်စေသည်။

**ခေတ်မီအဆင့်မြှင့်တင်ရေးဆောင်ရွက်မှု**

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည့် ခေတ်မီအဆင့်မြှင့်တင်ရေးပထမအဆင့်တွင်လက်နက်ကောင်းစွာတပ်ဆင်ထားသည့် လက်နက်ကိုင်သောင်းကျန်းသူများကို ရင်ဆိုင်ဖြေရှင်းမည့်တပ်မတော်၏ စွမ်းရည်များတိုးတက်ကောင်းမွန်စေရန် ပြည်တွင်းလုံခြုံမှုစစ်ဆင်ရေးများအတွက် လက်နက်နှင့်ချပ်ဝတ်တန်ဆာများ တပ်ဆင်ရေးအပေါ် အလေးပေးခဲ့သည်။

ရေတပ်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် မတ်လအတွင်းက ဖိလစ်ပိုင်ရေတပ်သည် AW 159 Wildcat ရဟတ်ယာဉ်နှစ်စင်းကို လေ့ကျင့်မှု၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ပြုလုပ်ပေးရန် အမေရိကန်ဒေါ်လာ ၁၁၃ သန်းတန်ဖိုးရှိ ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုခဲ့သည်။ အဆိုပါရဟတ်ယာဉ်နှစ်စင်းစလုံးသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ရရှိခဲ့သည်။ ရေငုပ်သင်္ဘောတိုက်ဖျက်မှု စစ်ဆင်ရေးအတွက် တိုက်ရိုက်ထောက်လှမ်းသည့် ဆိုနာများ၊ တော်ပီဒိုများ၊ ရေယာဉ်ဖျက်ဒုံးများနှင့် ရော့ကတ်များအပါအဝင် အခြားလက်နက်များလည်း လိုအပ်လျက်ရှိသည်။ အဆိုပါလက်နက်များသည် ပင်လယ်ပြင်စစ်ဆင်ရေးများတွင်လည်း အသုံးပြုနိုင်သည်။

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး ရောဘတ်အမ်ပီဒရက်က ရဟတ်ယာဉ်များ၏စွမ်းရည်ကို ဖိလစ်ပိုင်၏ကာကွယ်ရေးစွမ်းရည် မဟာဗျူဟာမြောက်မြှင့်တင်မှုအတွက် အသုံးပြုမည်ဖြစ်ပြီး အနာဂတ်တွင် ဖရီးဂိတ်စစ်ရေယာဉ်များ၊ ကော်ဗက်စစ်ရေယာဉ်များနှင့်အတူ တပ်ဆင်အသုံးပြုမည်ဟု ဆိုခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့သည် ဖိလစ်ပိုင်ရေတပ်မှတစ်ဆင့် အမြန်သွားဖိုက်ဘာလှေ ၁၆ စီး ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူခဲ့ပြီး နိုဝင်ဘာလတွင် ဝယ်ယူရေးဆောင်ရွက်ခဲ့သည်။ ထို့နောက် ပထမ ရှစ်စီးသည် ကန်ထရိုက်စာချုပ် ချုပ်ဆိုပြီး ရက်ပေါင်း ၉၀ အတွင်း ရရှိပြီး ကျန်ရှစ်စီးသည် နောက်ထပ်ရက် ၉၀ အတွင်း ရရှိခဲ့သည်။ ဖိလစ်ပိုင် မရိန်းတပ်ဖွဲ့သည် ကုန်း၊ ရေနှစ်သွယ် ချေမှုန်းရေးရေယာဉ်သစ်များ ရရှိရေးကိုလည်း ဆောင်ရွက်ခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့၏ ကြီးကြပ်မှုဖြင့် BAE Systems နှင့် ကုန်း၊ ရေနှစ်သွယ် ချေမှုန်းရေးရေယာဉ် အစီးရေ ၃၀ အတွက် အမေရိကန်ဒေါ်လာ ၁၉၈ သန်းတန်ဖိုးရှိ ကန်ထရိုက်စာချုပ်ပြုလုပ်၍ ဝယ်ယူခဲ့သည်။

၂၀၁၄ ခုနှစ်က ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်သို့ ကင်းလှည့်ရေယာဉ်နှင့် လေယာဉ်များ ပံ့ပိုးရေးဆောင်ရွက်ခဲ့သည်။ ပထမအဆင့်အနေဖြင့် ကင်းလှည့်




ရေယာဉ် နှစ်စီးကိုပံ့ပိုးခဲ့သည်။ ဒုတိယအဆင့်အနေဖြင့် အကြီးစား ကင်းလှည့်ရေယာဉ် နှစ်စီးကို ၂၀၁၆ ခုနှစ်က ပံ့ပိုးခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်သို့ ကင်းလှည့်ရေယာဉ် ၁၂ စီး အခမဲ့ပံ့ပိုးပေးခဲ့သည်။ ဖိလစ်ပိုင်ရေတပ်သည် ဂျပန်ထံမှ ကမ်းရိုးတန်းစောင့်ကြည့်ရေးရေဒါများ ဝယ်ယူခဲ့သကဲ့သို့ အိန္ဒိယထံမှလည်း ရေတပ်သုံးဘရာမို့စ်ခရုဇ်ဒုံးကျည်များကို ဝယ်ယူခဲ့သည်။ ထို့ပြင် တောင်ကိုရီးယားထံမှလည်း ဖရီးဂိတ်စစ်ရေယာဉ်အသစ် နှစ်စီးကိုဝယ်ယူခဲ့သကဲ့သို့ အမေရိကန်ထံမှလည်း တစ်ပတ်ရစ်ရေယာဉ်များရရှိခဲ့သည်။

၂၀၂၀ ပြည့်နှစ်အလယ်ပိုင်းထိ ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံ၏လုံခြုံရေးအကျိုးစီးပွားကိုကာကွယ်ရန် တာတိုပစ်ဒုံးကျည်တပ်ဆင်နိုင်သော သေးငယ်ပြီးပိုမြန်သည့်ရေယာဉ်များအပါအဝင် စစ်ရေယာဉ် အစီး ၅၀ ကို တည်ဆောက်ရန် ဖိလစ်ပိုင် ပီဆို ၅၅ ဘီလီယံသုံးစွဲရန် စီစဉ်ခဲ့သည်။ ရေရှည်တွင် ဖိလစ်ပိုင်ရေတပ်အတွက် အစိုးရက ပီဆို ဘီလီယံ ၁၀၀ ကျော် ကုန်ကျနိုင်သည့် အခြားထောက်ပံ့ရေးရေယာဉ် အစီး ၁၀၀ ခန့်နှင့်လေယာဉ်အစင်း ၃၀ ကျော်တို့ကိုလည်း ထည့်သွင်းစဉ်းစားလျက်ရှိသည်။

**ရေငုပ်သင်္ဘောဝယ်ယူရေးရည်မှန်းချက်**

ဖိလစ်ပိုင်ရေတပ်သည် ခေတ်မီရေငုပ်သင်္ဘောများကို အသုံးပြုသည့် အတွေ့အကြုံမရှိသောကြောင့် ဒီဇယ်-လျှပ်စစ်သုံး ရေငုပ်သင်္ဘောဝယ်ယူရေးကို အကြိမ်ကြိမ်စဉ်းစားခဲ့သည်။ ဒေသတွင်းရှိ နိုင်ငံများစွာက ရေငုပ်သင်္ဘောများကို ပိုင်ဆိုင်နေပြီဖြစ်သောကြောင့် ဝယ်ယူရေးဆုံးဖြတ်ချက်ချမှတ်ရမည့် အခြေအနေကို ရင်ဆိုင်ခဲ့ရသည်။ မူလက ရေငုပ်သင်္ဘောဝယ်ယူရေးကို ခေတ်မီအဆင့်မြှင့်တင်ရေး တတိယအဆင့်ဖြစ်သည့် ၂၀၂၃-၂၀၂၇ ခုနှစ် ကာလအတွင်း ဆောင်ရွက်ရန်ဖြစ်သည်။

၂၀၁၇ ခုနှစ် မေလက တရုတ်သင်္ဘောတည်ဆောက်ရေးစက်မှုလုပ်ငန်းကော်ပိုရေးရှင်း (China Ship Industry Cooperation-CSIC) နှင့် ချုပ်ဆိုထားသည့် ထင်ရှားသော ကန်ထရိုက်စာချုပ်တစ်ခုမှာ ၂၀၂၃ ခုနှစ်အတွင်း ဒီဇယ်-လျှပ်စစ်သုံး ရေငုပ်သင်္ဘောတစ်စီး ထုတ်လုပ်ရောင်းချပေးရန်ဖြစ်သည်။ ဖိလစ်ပိုင်ရေတပ်က ၎င်းကို ကနဦးမှာယူမှုအဖြစ်သတ်မှတ်ပြီး နောက်ပိုင်းတွင် တရုတ်ရေတပ်၏ Type 039B Yuan အတန်းအစားကို ပြောင်းလဲထုတ်လုပ်သည့် S26T ရေငုပ်သင်္ဘောသုံးစီး ထပ်မံဝယ်ယူရန်ရည်ရွယ်ခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၌ ၎င်းရေငုပ်သင်္ဘောဝယ်ယူမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သောကြောင့် တရုတ်ထံမှဝယ်ယူရေးအစီအစဉ် ပျက်ပြယ်ခဲ့ရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းအတွင်းက ညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်တွင် ဖိလစ်ပိုင်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ပါဒီလာက ရေငုပ်သင်္ဘောဝယ်ယူရေး အစီအစဉ်သည် ကာလကြာရှည်စွာ လုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းကို ဖြည်းဖြည်းချင်းဖြည့်တင်း ရမည်ဖြစ်ကြောင်း၊ အမေရိကန်အပါအဝင် အခြားမဟာမိတ်နိုင်ငံများနှင့်လည်း ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဖိလစ်ပိုင်နှင့် အင်အားကြီးနိုင်ငံများကြား ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် သိသိသာသာတိုးမြင့်လာခဲ့သည်။

**ခေတ်မီအဆင့်မြှင့်တင်ရေးအစီအစဉ်**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက တပ်မတော်ခေတ်မီအဆင့်မြှင့်တင်ရေး အစီအစဉ်အဆင့်(၃)ကို အတည်ပြုပြီးပါက ဖိလစ်ပိုင်ရေတပ်သည် အရှေ့တောင်အာရှတွင် ရေငုပ်သင်္ဘောအသင်းသို့ ပါဝင်လိမ့်မည်ဖြစ်သည်။ စီစဉ်ထားသည့်တပ်မတော်ခေတ်မီ အဆင့်မြှင့်တင်ရေးအစီအစဉ်က နှစ်စဉ်အမေရိကန်ဒေါ်လာ သုံးထရီလီယံဖိုး ဖြတ်သန်းသွားလာလျက်ရှိသည့် မဟာဗျူဟာမြောက်ရေလမ်းကြောင်းရှိသော တောင်တရုတ်ပင်လယ်ကို ပိုင်ဆိုင်ကြောင်း ဖိလစ်ပိုင်ရေတပ်၏တောင်းဆိုမှုကို တိုးမြင့်စေလိမ့်မည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံ၏ရေကြောင်းနယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် အနောက်ဖိလစ်ပိုင်ပင်လယ်အတွင်း ပိုင်ဆိုင်ကြောင်းတောင်းဆိုမှုများ တွန်းအားပေးရန် စစ်ရေယာဉ်များ၊ လေယာဉ်များ၊ စောင့်ကြည့်ရေးစနစ်များနှင့် ဒုံးကျည်များကို ရရှိလိမ့်မည်ဖြစ်သည်။ ရေငုပ်သင်္ဘောပိုင်ဆိုင်ရေးသည် ဤအဆင့်မြှင့်တင်မှုအဆင့်တွင် အဓိကစီမံကိန်းဖြစ်သည်ဟု ဖိလစ်ပိုင်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဖရန်ဆဲလ်ပါဒီလာက ပြောကြားခဲ့သည်။

**ပြည်ပနိုင်ငံများ၏ အကူအညီရရှိမှု**

အိန္ဒိယ၊ တောင်ကိုရီးယား၊ ပြင်သစ်နှင့် စပိန်တို့သည် ဖိလစ်ပိုင် ပီဆို ဘီလီယံ ၁၀၀ ဖြင့် ရေငုပ်သင်္ဘော အခြေစိုက်စခန်းတစ်ခုတည်ဆောက်မှုနှင့် လေ့ကျင့်မှုအပါအဝင် ရေငုပ်သင်္ဘောနှစ်စီး ရောင်းချပေးရေးကို ကမ်းလှမ်းထားသည်။ ကနေဒါက ရေငုပ်သင်္ဘောရောင်းချပေးရန် အဆိုပြုခြင်းမရှိသော်လည်း ရေငုပ်သင်္ဘောအဖွဲ့သားများအတွက် လေ့ကျင့်မှုတွင် ဖိလစ်ပိုင်ကို ကူညီထားသည်။ ပြင်သစ်နိုင်ငံက ဆူဘစ်ပင်လယ်၌ ရေငုပ်သင်္ဘောအခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန် ကမ်းလှမ်းထားသည်။ ၎င်းနေရာသည် ဂျပန်နှင့် အမေရိကန် ရေငုပ်သင်္ဘောတို့ဆိပ်ကမ်းလည်ပတ်မှုပြုလုပ်စဉ် ပံ့ပိုးကျောက်ချရပ်နားသည့် နေရာဖြစ်သည်။ စပိန်ကလည်း ရေငုပ်သင်္ဘောဝယ်ယူရေးအတွက် ချေးငွေကိုအဆိုပြုထားကာ ရေငုပ်သင်္ဘောအခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် လိုလားလျက်ရှိသည်။ ဖိလစ်ပိုင်က ရေငုပ်သင်္ဘောဝယ်ယူရေး အဓိကရည်ရွယ်ချက်သည်၎င်း၏ရေလမ်းကြောင်းဝင်ရောက်မှုထိန်းချုပ်ရန်နှင့် ရန်သူ့စွမ်းရည်များကို တိုက်ဖျက်မှုတွင် တိုးတက်ကောင်းမွန်စေရန်ဖြစ်သည်ဟုဆိုသည်။

**ဒေသတွင်းအပေါ်သက်ရောက်မှု**

ဖိလစ်ပိုင်နိုင်ငံသည် ရင်ဆိုင်နေရသည့် ရေကြောင်းဆိုင်ရာစိန်ခေါ်မှုများကြောင့် ရေငုပ်သင်္ဘောဝယ်ယူရေး စိတ်အားထက်သန်ခဲ့သည်။ တရုတ်နိုင်ငံထံမှ ဝယ်ယူရေးထိ သဘောတူညီမှုများလုပ်ဆောင်ခဲ့သော်လည်း ပျက်ပြယ်ခဲ့သည်။ ယခုအခါ တောင်တရုတ်ပင်လယ်အတွင်း အင်အားကြီးနိုင်ငံများ၏ အားပြိုင်လာမှုများက အငြင်းပွားမှုတွင်ပါဝင်နေသည့် ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံအတွက် လုံခြုံရေးအန္တရာယ်စိုးရိမ်မှုကို ပိုမိုမြင့်တက်စေသည်။ ဖိလစ်ပိုင်ရေတပ်သည် အနောက်အုပ်စု အင်အားကြီးနိုင်ငံများနှင့် ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုများက တရုတ်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်မှုကိုဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။ ယခုအခါ ဖိလစ်ပိုင်သည် ရေငုပ်သင်္ဘောအတွက် မော်ဒယ်ရွေးချယ်ရမှုများ လုပ်ဆောင်ရန် နီးကပ်လာပြီဖြစ်သကဲ့သို့ ရေငုပ်သင်္ဘောထုတ်လုပ်သည့် နိုင်ငံများကလည်း အပြိုင်အဆိုင် ကမ်းလှမ်းမှုများ စတင်လာပြီဖြစ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်မှုများ ရှိလာမည်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်နိုင်ငံများအတွက် လုံခြုံရေးအရ သက်ရောက်စေမည်မှာ မလွဲကေန်ဖြစ်သည်။

ခြုံ၍ဆိုရလျှင် ဖိလစ်ပိုင်နိုင်ငံသည် ကျွန်းပေါင်း ၇၆၀၀ ကျော်နှင့်အတူ ရေပတ်လည်ဝန်းရံထားသည့်နိုင်ငံဖြစ်ရုံမက မည်သည့်နိုင်ငံနှင့်မျှ ကုန်းမြေနယ်နိမိတ်ထိစပ်မှုမရှိသောကြောင့် ရေတပ်စွမ်းအားတည်ဆောက်မှုသည် ကြောင်းကျိုးဆီလျော်သည့် လုပ်ဆောင်မှုဖြစ်သည်။ သို့သော်လည်း ဖိလစ်ပိုင်၏ရေငုပ်သင်္ဘောပိုင်ဆိုင်ရေးကို အကြောင်းပြု၍ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများနှင့် ခြေရှုပ်မှုများက ဒေသတွင်း နိုင်ငံများထံ သက်ရောက်မှုများရှိလာနိုင်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ဖိလစ်ပိုင်နိုင်ငံ၏ ရေငုပ်သင်္ဘောပိုင်ဆိုင်ရေးကြိုးပမ်းမှုများနှင့် ပတ်သက်၍ လုံခြုံရေးဆိုင်ရာစိုးရိမ်လျက်ရှိသည့် နိုင်ငံများက စောင့်ကြည့်နေမည်သာဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Philippines Soon Joins Submarine Club, Defensestudy.com, February 05, 2024.**

# Vice-Senior General Soe Win attends opening of MSME products exhibition and traditional foods sale to commemorate 77th Anniversary of Union Day 2024


Vice-Senior General Soe Win greets those present at the ceremony.

**Nay Pyi Taw February 10**

The opening ceremony of the MSME products exhibition and sale of traditional foods to commemorate the 77th Anniversary of the Union Day of 2024 was held this morning at the Tabaung Field south of the Uppātasanti Pagoda in Nay Pyi Taw, attended by Chairman of the Central Committee for organizing the 77th Anniversary of Union Day Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present on the occasion were SAC members, union ministers, the chairman of Nay Pyi Taw Council, high-ranking military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, deputy ministers, departmental officials, Those responsible for the department, exhibitors from Nay Pyi Taw Council, regions and states and ethnic traditional dance troupes.

First, the Vice-Senior General, Union Ministers U Maung Maung Ohn, U Min Naung, U Hla Moe, Dr. Nyun Pe and Jeng Phang Naw Taung and Nay Pyi Taw Council Chairman U Than Tun Oo formally opened the ceremony by cutting the ribbon.

Then, the Vice-Senior General and party enjoyed dances and a song named 'Eternal beauty of the Union' performed by the artists from the Department of Fine Arts under the Ministry of Religious Affairs and Culture, the staff from Myanmar Radio and Television under the Ministry of Information, the ethnic traditional dance troupes from Nay Pyi Taw Council, regions and states and cordially greeted them.

After that, the Vice-Senior General and party visited the MSME product exhibition booths and traditional food stalls to commemorate the Union Day anniversary.

The Union Day commemorative MSME product booths and traditional food stalls are being organized with the aim of coordinating with ethnic entrepreneurs to export MSME value-added products produced by regions and states, OROP products and local products, including exports items and seek market access, increasing production of high-quality products, exchanging information among ethnic entrepreneurs from Nay Pyi Taw, regions and states and seeking coordination, facilitating the advancement of the national prestige and showing off the local traditional handicrafts that can reveal the cultural heritage of the relevant regions and selling local traditional foods produced and sold by the regions and states to the ethnic people with the full essence of the Union.

The booths on display are from the Ministry Co-operatives and Rural Development, the Ministry of Industry, Nay Pyi Taw Council Area, 14 booths from the respective regions and states, and booths from Myanmar Economic Corporation (MEC), Myanmar Economic Public Holding Company Limited, and 19 traditional food stalls from regions and provinces including the Nay Pyi Taw Council. They will be open for sale with entertainment programs from 8:00 a.m. to 10:00 p.m. every day from February 10 to 14. 100


Vice-Senior General Soe Win views a MSME product.


Vice-Senior General Soe Win views traditional foodstuffs on display.


Vice-Senior General Soe Win visits a booth.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects preparations for successful holding of 77th Anniversary Union Day


Vice-Senior General Soe Win inspects preparations for the 77th Anniversary of Union Day.

**Nay Pyi Taw February 10**

Chairman of 77th Anniversary Union Day Organizing Central Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win today inspected preparations for the successful holding of the 77th Anniversary Union Day 2024.


Vice-Senior General Soe Win greets cultural troupes from regions and states.


Vice-Senior General Soe Win greets cultural troupes from regions and states.

The Vice-Senior General, accompanied by officials, cordially conversed with ethnic cultural troupes of regions and states, who will take part in the Union Day celebrations, at their hostels in Nay Pyi Taw Sports Village in the afternoon.

In the evening, the Vice-Senior General observed the preparations to host the 77th Anniversary Union Day dinner at the square in front of City Hall. He was conducted round the venue by officials.

Later, the Vice-Senior General looked into the requirements of the full dress rehearsal of the ethnic cultural troupes that will stage entertainment programs at the open-air theatre of the Nay Pyi Taw City Hall after the dinner and preparations at the venue. Afterwards, he presented flower baskets to the members of the cultural troupes and cordially greeted them.

The Vice-Senior General was accompanied by union minister members of the central committee, the Nay Pyi Taw Council chair, the Nay Pyi Taw Command commander, chairs of sub-committees, who are deputy ministers, and officials during the inspect tour. The Vice-Senior General and party also made arrangements for the facilitation of preparatory works and the full dress rehearsal through coordination.

100

# Nasdaq celebrates Chinese Lunar New Year with closing bell

**New York February 10**

A Chinese envoy rang the closing bell here at the Nasdaq MarketSite in Times Square to mark the Chinese New Year of the Dragon on Thursday.

"Over the last year, China's economy has seen a very strong rebound, our GDP reached a 5.2-percent growth. That's more than what we had expected at the beginning of that year. And China's contribution to the world economy is like 30 percent. China remains the most dynamic and the best contributor to the global economy," said the Chinese Consul General in New York Huang Ping.

"So we are going to open our door wide ... We will continue to build a more favorable situation for foreign businesses to grow in China," Huang said, adding that investors from the United States and other parts of the world are welcome to share the opportunities awaiting them in China.

"The Dragon is the most auspicious zodiac sign in Chinese culture. So they bring good luck. I'd like to wish everybody good health, great success and prosperity, and hope the China-U.S. relationship will be more stable and more prosperous in the new year," said Huang.

"In Chinese culture, the dragon is a symbol of good luck, strength and health," said Robert H. McCooey, Jr., vice chairman of Nasdaq, at the ceremony, adding that people born in the Year of the Dragon are powerful, endlessly energetic and full of vitality, as well as goal-oriented yet idealistic and romantic.

Xinhua

# DPRK top leader vows to build up military capabilities for eternal security

**Seoul February 10**

The top leader of the Democratic People's Republic of Korea (DPRK) on Thursday called on its armed forces to build up military capabilities for eternal security of the state, the official Korean Central News Agency (KCNA) reported Friday.

Kim Jong Un, general secretary of the Workers' Party of Korea and president of the State Affairs of the DPRK, made the requirements in a speech during his visit to the Ministry of National Defense on the occasion of the 76th founding anniversary of the Korean People's Army (KPA).

The foremost task for the DPRK is "to obtain the eternal security," to which end, the country "must possess absolute might which defies any provocation, might strong enough to control the enemy," Kim was quoted by KCNA as saying.

Kim said that the DPRK has designated the Republic of Korea (ROK) as "the first enemy state and invariable archenemy" and decided as a state policy to occupy and subjugate ROK territory in time of emergency, calling such moves as "an absolutely right measure for our state's eternal security and its peace and stability in the future," according to the KCNA report.

The top leader stressed that the KPA should have greater strength and prevent war and safeguard peace without failure of this invincible strength, KCNA reported.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## NATO မဟာမိတ်အဖွဲ့က AT4 သံချပ်ကာဖျက်လက်နက်များဝယ်ယူရန် Saab ကုမ္ပဏီထံ အမှာစာပေးပို့ခဲ့



NATO မဟာမိတ်အဖွဲ့၏ ပံ့ပိုးကူညီမှုနှင့် ဝယ်ယူရေးအေဂျင်စီ (NSPA) သည် ဆွီဒင်နိုင်ငံ၏ ကာကွယ်ရေးကန်ထရိုက်တာ Saab ကုမ္ပဏီက ထုတ်လုပ်သော AT4 အပေါ့စား သံချပ်ကာဖျက် လူတစ်ကိုယ်သယ်ဆောင်နိုင်သော ပခုံးထမ်းလက်နက်စနစ်များဝယ်ယူရန် အမှာစာပေးပို့ခဲ့ကြောင်း Army Technology သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ်၏ နောက်ဆုံးသုံးလပတ်တွင် ကြိုတင်အမှာစာပေးပို့ထားသော အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၂ သန်းတန်ဖိုးရှိ ဝယ်ယူရေးသဘောတူစာချုပ်အရ လာမည့် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်ကြားတွင် AT4 သံချပ်ကာဖျက်လက်နက်များ လွှဲပြောင်းပို့ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်သည်။

AT4 အပေါ့စား သံချပ်ကာဖျက် လူတစ်ကိုယ်သယ်ဆောင်နိုင်သော ပခုံးထမ်းလက်နက်သည် ခြေလျင်တပ်များအတွက် ထိရောက်သော လက်နက်တစ်ခုအဖြစ် ဈေးကွက်တွင် ထင်ရှားသည်။ NSPA သည် ကျွန်ုပ်တို့၏ထုတ်ကုန်များကိုယုံကြည်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပြီး မဟာမိတ်အဖွဲ့တွင် ထိပ်တန်းသံချပ်ကာဖျက် လက်နက်တစ်ခုရှိကြောင်း စိတ်ချယုံကြည်နိုင်သည်ဟု Saab ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနယ်ပယ်ဆိုင်ရာအကြီးအကဲ Gorgen Johansson က ပြောကြားခဲ့သည်။

AT4 သံချပ်ကာဖျက်လက်နက်သည် ပင်မတိုက်ပွဲဝင်တင့်ကားများ၊ တိုက်ခိုက်ရေးယာဉ်များ၊ ကမ်းတက်စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များနှင့် အခြားသံချပ်ကာယာဉ်များကို တိုက်ခိုက်ချေမှုန်းရာတွင် အသုံးပြုသည့် ၈၄ မီလီမီတာ ပဲ့ထိန်းမဲ့သံချပ်ကာဖျက် လက်နက်တစ်ခုဖြစ်သည်။ AT4 သံချပ်ကာဖျက်လက်နက်စနစ်သည် အရေးကြီးသော စစ်ဘက်ပိုင်ဆိုင်မှုများ၊ ပုံသေခံစစ် စခန်းများ၊ အဓိကထောက်ပံ့ရေးဌာနများ ကာကွယ်စောင့်ရှောက်ရာတွင် ထိရောက်သောလက်နက်တစ်ခုဖြစ်သည်။

AT4 သံချပ်ကာဖျက်လက်နက်တွင် ပေါက်ကွဲအားပြင်းတင့်ဖျက်ကျည်၊ ဘန်ကာဖျက်ထိပ်ဖူးများ၊ တိုးချဲ့အကွာအဝေးကျည်၊ ပေါက်ကွဲအားပြင်းခဲယမ်း၊ ဖောက်ကျည်နှင့် Reduced Sensitivity ခဲယမ်းများ အပါအဝင် မတူညီသောခဲယမ်း၊ ကျည်များဖြင့် တပ်ဆင်ပစ်ခတ်နိုင်သော လက်နက်တစ်မျိုးဖြစ်သည်။ AT4 ၏ထိပ်ဖူးသည် ၁၇ ဒသမ ၅ လက်မကျော် သံချပ်ကာအကာအကွယ်ကို ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသည်။ ၎င်းလက်နက်သည် အနည်းဆုံး အကွာအဝေး ၁၀ မီတာထိ တာတိုပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် ပိုမိုတိကျစေသည်။ အခိုင်အမာတည်ဆောက်ထားသော သစ်သား အဆောက်အအုံများကိုပင် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

NSPA က AT4 သံချပ်ကာဖျက်လက်နက်များ မှာယူပြီးနောက် မကြာမီတွင် RBS 70 Bolide ဒုံးကျည်များကို Saab ကုမ္ပဏီထံ မှာယူခဲ့သေးသည်။ NSPA သည် Saab ကုမ္ပဏီမှနောက်ထပ်ဒုံးကျည်ဝယ်ယူရေးအမှာစာများဖြင့် Ammunition Support Partnership အဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးပေးသည့်အတွက် ကျေနပ်မိကြောင်း၊ ဒုံးကျည်များနောက်ထပ်မှာယူမှုသည် တိုက်စွမ်းအားကိုမြှင့်တင်ပေးပြီး NATO အဖွဲ့၏ လေကြောင်းရန်ကာကွယ်ရေး နည်းဗျူဟာဆိုင်ရာ အဆင်သင့်ဖြစ်မှုကို တိုးမြှင့်စေနိုင်မည်ဖြစ်ကြောင်း အထွေထွေနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပရိုဂရမ်မန်နေဂျာ မစ္စ Celine Danielli က ပြောကြားခဲ့သည်။

NATO အဖွဲ့သည် ယူကရိန်း၌ပဋိပက္ခဖြစ်ပွားချိန်တွင် သံချပ်ကာဖျက်နှင့်တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များဝယ်ယူရေးသတင်း ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အမေရိကန်နိုင်ငံထုတ် Stinger နှင့် Javelin ပခုံးထမ်းစနစ်များအပြင် ယူကရိန်းတပ်မတော်သည် ပြီးခဲ့သည့်နှစ်နှစ်ခန့်က ရုရှား၏ အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ထောင်ပေါင်းများစွာသော AT4 သံချပ်ကာဖျက်လက်နက်များ လက်ခံရရှိခဲ့သည်။ ဤစနစ်များသည် ယခုအချိန်တွင် ယူကရိန်းအထူးစစ်ဆင်ရေး၌ လက်တွေ့တိုက်ပွဲဝင်အသုံးပြုနေသော စံပြုလက်နက်များစာရင်းတွင် ပါဝင်နေသည်။ ရန်သူနှင့်အသေအကျေ တိုက်ခိုက်နေရသည့် စစ်မြေပြင်ရှိပင်မတိုက်ပွဲဝင်တင့်ကားများ၏ အားနည်းချက်နှင့် ရပ်တည်ရှင်သန်နိုင်မှု၊ ခြေလျင်၊ ခြေမြန်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်နှင့် သွယ်ဝိုက်ပစ်ကူပေးနိုင်မှုတို့နှင့်ပတ်သက်၍ စစ်ဆင်ရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများရှိနေသည်။

**NATO orders AT4 antiarmour weapons from Saab ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက ယူကရိန်းကိုတိုက်ခိုက်ရာတွင် 3M22 Zircon ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်ကို အသုံးပြုခဲ့

ရုရှား တပ်ဖွဲ့များသည် မကြာသေးမီက ယူကရိန်းနိုင်ငံကို ဒုံးကျည်တိုက်ခိုက်မှုတစ်ခုအတွင်း နောက်ဆုံးထုတ် 3M22 Zircon ဟိုက်ပါဆောနစ် ခရုဇ်ဒုံးကျည်ကိုအသုံးပြုခဲ့ကြောင်း ယူကရိန်းနိုင်ငံ Militarnyi သတင်းဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဒုံးကျည်သည် ကရိုင်းမီးယားကျွန်းဆွယ်မှ ကီယက်ဗ်မြို့တော်သို့ ဦးတည်ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ယခင်ပစ်လွှတ်ခဲ့သည့် Oniks နှင့် Kinzhal ဒုံးကျည်များကဲ့သို့ ထူးခြားသည့် ပျံသန်းမှုလမ်းကြောင်းများတူညီကြောင်း ယူကရိန်းနိုင်ငံ၏ တယ်လီဂရမ်ချန်နယ်မှ ဗီဒီယိုဖိုင်များအရ သိရသည်။

ဒုံးကျည်ပျက်ကျရာနေရာ၌ တွေ့ရှိရသည့်အပျက်အစီးများသည် 3M22 "Zircon" ဒုံးကျည်နှင့် သက်ဆိုင်သည်ဟုယူဆရပြီး ကိုယ်ထည်တွင် "3M22No23066" အမှတ်စဉ်နံပါတ်ပါရှိသည်။

ရုရှားသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် 3M22 "Zircon" ဒုံးကျည်၏စွမ်းရည်များကို စမ်းသပ်ရန်နှင့် အကဲဖြတ်သုံးသပ်ရန် နောက်ဆုံးပေါ် ဒုံးကျည်နည်းပညာကို အသုံးပြုနေခြင်းလည်းဖြစ်သည်ဟု စစ်ဘက်လေ့လာ အကဲခတ်သူများက သုံးသပ်ထားကြသည်။

3M22 Zircon ဟိုက်ပါဆောနစ် ခရုဇ်ဒုံးကျည်နှင့်ပတ်သက်သည့် နည်းပညာနှင့်နည်းဗျူဟာဆိုင်ရာ အချက်အလက်များကို လူသိရှင်ကြားထုတ် ဖော်ပြောကြားထားမှု နည်းပါးသော်လည်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါ 3M22 Zircon ဟိုက်ပါဆောနစ် ခရုဇ်ဒုံးကျည်သည် အလျင်နှုန်း Mach 9 ခန့်ဖြင့် အကွာအဝေးမိုင် ၆၂၀ ခန့်ထိ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

3M22 "Zircon" ဟိုက်ပါဆောနစ် ခရုဇ်ဒုံးကျည်ကို စစ်ရေယာဉ်များတွင် တင်ဆောင်အသုံးပြုသည့် Universal Vertical Launching System 3S14 ဖြင့် တပ်ဆင်အသုံးပြုရန်အတွက် သိပ္ပံနည်းကျစက်ပစ္စည်းများ ထုတ်လုပ်ရေးအဖွဲ့ (NPO Mashinostroyeniya) ဒီဇိုင်းဗျူရိုက တီထွင်ထုတ်လုပ်ထားသည်။

အဆိုပါဒုံးကျည်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ရုရှားရေတပ်သို့ တရားဝင်လွှဲပြောင်း လက်ခံမှုများပြုလုပ်ခဲ့ပြီး မြောက်ပိုင်းစစ်ရေယာဉ်စုရှိ Project 22350 Admiral Gorshkov အတန်းအစား ဖရီးဂိတ်စစ်သင်္ဘောတွင် စတင်ဖြန့်ကြက် အသုံးပြုခဲ့ကြသည်။



အဆိုပါ 3M22 "Zircon" ဒုံးကျည်ကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုမှုနှင့်ပတ်သက်၍ ရုရှားနိုင်ငံဘက်က မှတ်ချက်တစ်စုံတစ်ရာပြောကြားထားခြင်းမျိုး မရှိသေးပေ။ စစ်ဘက်လေ့လာအကဲခတ်သူများကမူ မကြာသေးမီက ရုရှားနိုင်ငံ TASS သတင်းဌာန၏ 3M22 "Zircon" ဒုံးကျည်ကို စမ်းသပ်မှုများ ပြုလုပ်လျက်ရှိနေသည့် သတင်းများကြောင့် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့သည့်အပေါ် သံသယရှိနေသည်။

သို့သော်လည်း ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဟိုက်ပါဆောနစ်ဒုံးကျည်များ အသုံးပြု၍ ပထမဆုံးတိုက်ပွဲဝင်နိုင်ခဲ့သည့် နိုင်ငံအဖြစ် ပြီးခဲ့သည့်နှစ်စစ်ဆင်ရေးများအတွင်း ဝေဟင်မှပစ်လွှတ်နိုင်သော Kinzhal ဒုံးကျည်များဖြင့် ယူကရိန်းတို့၏ Patriot လေကြောင်းရန် ကာကွယ်ရေးစနစ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သော မှတ်တမ်းများ ပိုင်ဆိုင်ထားခဲ့ပြီးဖြစ်သည်။

**Russia uses Zircon hypersonic missile in recent attack on Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၃၉၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဘူးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၁၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သောကြောင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၁၀၉၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံမစိုက်မီ တောင်သူအသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် စားဖိုဆောင်သီးနှံကို ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၃၉၇ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ ထိုသို့ စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို Mobile Financial Payment ဖြင့် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းကြောင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေပေးချေမှု နည်းလမ်းများကို နားလည်အသုံးပြုလာနိုင်ပြီး ငွေကြေးဆုံးရှုံးမှု လျော့နည်းလာစေခြင်း၊ ချေးငွေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းလာစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် Citizens Pay မှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေနှင့်စပ်လျဉ်း၍ ငွေထုတ်ပေးမည့်ပုံစံများ၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Citizens Pay မှ တာဝန်ရှိသူများက ညောင်ထောက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ငွေကျပ် ၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဘားအံမြို့နယ် နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းထိုက်ငွေးနှင့် မြို့နယ်မှ တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နန်းထိုက်ငွေးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဘိုဘို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၅၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့ရက်သတ်မှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကိုယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြောင်း သိရသည်။စတင်အာဏာသက်ဝင်လာပြီဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊၂၇/ ၂၀၁၀ဖြင့် ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ ယခုကဲ့သို့စတင်အာဏာတည်ကြောင်းသတ်မှတ်ခြင်းဖြစ်သည်။လိုအပ်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဟု သိရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၃၈၅တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကိုကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ပုဒ်မ၃၈၆တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့်နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟုလည်းကောင်းပြဋ္ဌာန်းထားပြီးပြည်သူ့စစ်မှုထမ်းဥပဒေ၏နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း" သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

## နေပြည်တော်ကောင်စီဝင် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၀/ ၂၀၂၄**
၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်)

### နေပြည်တော်ကောင်စီဝင် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၃၇၆၇ ဗိုလ်မှူးကြီးမျိုးဝင်း **အစား** ကြည်း ၃၀၄၁၃ ဗိုလ်မှူးကြီးရဲမိုးအား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၃/ ၂၀၂၄**
၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်)

### ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ဖြူမာဝေအား ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၁/ ၂၀၂၄**
၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်)

### နေပြည်တော်ကောင်စီနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများအား ယှဉ်တွဲပါအတိုင်းအစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **နေပြည်တော်ကောင်စီ**
ရဲမှူးကြီးကိုကိုလွင် **အစား** ဦးမင်းဦး

(၂) **ကချင်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီးကျော်ထွန်း **အစား** ဦးခင်မောင်ထွေး

(၃) **ကယားပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီးမောင်မောင်ဦး **အစား** ဦးအောင်မျိုးသန်း

(၄) **ကရင်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီးဝင်းကျော်နိုင် **အစား** ဦးညီညီဇော်

(၅) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီးအောင်မြင့်နိုင် **အစား** ဦးခင်မောင်အေး

(၆) **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီးမြင့်ထွန်း **အစား** ဦးအောင်ဇော်လှိုင်

(၇) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီးကျော်ထွဋ် **အစား** ဦးတင်ဆွေ

(၈) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီးလင်းထွဋ် **အစား** ဦးအောင်သူဦး

(၉) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးချုပ်စိန်လွင် **အစား** ဦးအောင်ဇော်ဦး

(၁၀) **မွန်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီးမျိုးဆွေ **အစား** ဦးတင်စန်းနိုင်

(၁၁) **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီးသက်လွင် **အစား** ဦးအောင်ကျော်မိုး

(၁၂) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးချုပ်မျိုးမင်းထိုက် **အစား** ဦးကျော်ကျော်စိုး

(၁၃) **ရှမ်းပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးချုပ်တင်ကိုကို **အစား** ဦးနေဝင်းအောင်

(၁၄) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီးတင်ဇော်ထွန်း **အစား** ဦးနေမျိုးအောင်

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီနှင့် လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၂/ ၂၀၂၄**
၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်)

### နေပြည်တော်ကောင်စီနှင့် လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **နေပြည်တော်ကောင်စီ**
ဦးအောင်ခိုင်ဆွေ **အစား** ဦးဟန်သူ

(၂) **ကချင်ပြည်နယ်အစိုးရအဖွဲ့**
ဦးသန့်ဇင်ကိုကို **အစား** ဦးမိုးမင်းသိန်း

(၃) **ကရင်ပြည်နယ်အစိုးရအဖွဲ့**
ဦးကျော်မြင့် **အစား** ဦးစောထွန်းအောင်

(၄) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးဆန်းအောင် **အစား** ဦးညွန့်ဝင်းအောင်

(၅) **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးသန့်ဇင် **အစား** ဦးသက်နိုင်

(၆) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးအောင်ဝင်းဦး **အစား** ဦးမျိုးအောင်

(၇) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးစိုးလွင် **အစား** ဦးအောင်ကျော်မိုး

(၈) **မွန်ပြည်နယ်အစိုးရအဖွဲ့**
ဦးမြတ်သွင် **အစား** ဦးစောကြည်နိုင်

(၉) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးမောင်မောင်သန်း **အစား** ဦးငွေအောင်

(၁၀) **ရှမ်းပြည်နယ်အစိုးရအဖွဲ့**
ဦးအေးလှိုင် **အစား** ဦးမင်းမင်းလွင်

(၁၁) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးအောင်ဝင်းသိန်း **အစား** ဦးခင်မောင်ကြည်

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ချမ်းမြသာစည်လေဆိပ်နှင့် ကိုဗစ်ကုသရေးစင်တာဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး

**မန္တလေး ဖေဖော်ဝါရီ ၁၀**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ချမ်းမြသာစည်လေဆိပ်နှင့်တစ္စတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထားသည့် ၂၀၄ ခုတင်ဆံ့ မန္တလေး-ကူမင်းဆေးရုံ (ကိုဗစ်ကုသရေးစင်တာ)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအားမှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းနေမှု၊ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး

မိမိ၏အယူအဆ၊ သဘောထားဆန္ဒများနှင့်မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့် အန္တရာယ်ကိုဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)**

၁၂-၂-၂၀၂၃



# ဆူးလေသိုလှောင်ရုံများသည် နိုင်ငံတော်၏ ဆန်နှင့်လယ်ယာထွက်ကုန်များ သိုလှောင်ဖြန့်ဖြူးခြင်းအတွက် အလွန်အရေးပါသော သိုလှောင်ရုံများဖြစ်ခြင်းကြောင့် လုပ်ငန်းများအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံဌာနများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဝင်းအတွင်းရှိ ဆူးလေဆိပ်ကမ်း တံတားအမှတ်(၇)တွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၈၀၀၀ ကျော်တင်ပို့မည့် MV. VTC PHOENIX သင်္ဘောပေါ်သို့ ဆန်တင်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ဆူးလေဆိပ်ကမ်း တံတားအမှတ်(၂)နှင့် အမှတ်(၅)တို့တွင် စပိန်နိုင်ငံနှင့်ပိုလန်နိုင်ငံတို့သို့တင်ပို့ရန် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ သင်္ဘောများပေါ်သို့ တင်ဆောင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် ရန်ကုန်ဆိပ်ကမ်းအနေဖြင့် အထွေထွေကုန်စည်သင်္ဘောများကိုအသုံးပြု၍ ဝမ်းပုံစနစ်ဖြင့် ပြည်ပသို့ဆန်တင်ပို့လျက်ရှိသည့်အပြင် ကုန်သေတ္တာသင်္ဘောများကိုပါအသုံးပြု၍ ဥရောပ၊ အာဖရိကနှင့် အာရှနိုင်ငံများသို့ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ပဲအမျိုးမျိုးနှင့် ပြောင်းစသည့် လယ်ယာထွက်ကုန်များကိုတင်ပို့၍ ဌာနနှင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေကိုတစ်ဖက်တစ်လမ်းမှ ရှာဖွေပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်(ဧပြီလမှ ဇန်နဝါရီလထိ) စုစုပေါင်း ဆန်တန်ချိန် ၁၀၈၁၃၈၈ တန်၊ ပဲတန်ချိန် ၁၁၃၅၈၁၆ တန်နှင့် ပြောင်းတန်ချိန် ၅၂၅၅၆၆ တန် တင်ပို့ခဲ့ပြီးကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဝင်းအတွင်းရှိ သိုလှောင်ရုံများ ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာချုပ်(မြို့ပြ)က ဆူးလေဆိပ်ကမ်းဝင်းအတွင်းတွင် သိုလှောင်ရုံ ခုနစ်လုံးရှိပြီး သိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃၊ ၄)ကို ၁၉၁၂ ခုနှစ်နှင့် သိုလှောင်ရုံအမှတ်(၅၊ ၆၊ ၇)ကို ၁၉၆၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း၊ သိုလှောင်ရုံအမှတ် (၁၊ ၂၊ ၃၊ ၄)၏ အမိုးနှင့် ရေတံလျှောက်များကို ပြုပြင်မွမ်းမံ၍ ပြည်ပသို့တင်ပို့မည့် ဆန်နှင့်ကောက်ပဲသီးနှံများ သိုလှောင်ခြင်း၊ ပြည်ပမှတင်သွင်းလာမည့် ဓာတ်မြေဩဇာများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊လက်ရှိသိုလှောင်ရုံ လေးလုံးပြုပြင်မွမ်းမံခြင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပြုပြင်မွမ်းမံနေသော သိုလှောင်ရုံလေးလုံးအနက် သိုလှောင်ရုံ နှစ်လုံးမှာ ၂၀၂၄ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ပြီး ကျန်သိုလှောင်ရုံ နှစ်လုံးတွင် ၂၀၂၄ ခုနှစ် မေလကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်းကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆူးလေသိုလှောင်ရုံများသည် နိုင်ငံတော်၏ ဆန်နှင့် လယ်ယာထွက်ကုန်များ သိုလှောင်ဖြန့်ဖြူးခြင်းအတွက် အလွန်အရေးပါသော သိုလှောင်ရုံများဖြစ်ခြင်းကြောင့် ပြုပြင်မွမ်းမံရာတွင် ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကိုမြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင်အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ(Port Industry)အား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရေယာဉ် ရှစ်စီး လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် မီတာ ၆၀ ဘက်စုံသုံးဖော်ယာ မချရေယာဉ် (60M Multipurpose Buoy Handling Vessel) ("ဂန္ဓ"ရေယာဉ်) တစ်စီး၊ မြေတူးမြေခံရေယာဉ်နှစ်စုံနှင့် ဆိပ်ကမ်းလုပ်ငန်းသုံးရေယာဉ် (Habour Launch)သုံးစီး စုစုပေါင်းရေယာဉ် ရှစ်စီး လုပ်ငန်းခွင် စတင်ဝင်ရောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း ကျန်းမာရေးဆိပ်ခံတံတား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံသည် စုစုပေါင်း ရေမိုင် ၁၂၆၀ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ပထဝီအနေအထားအရ လူဦးရေထူထပ်သည့်အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေချင်းထိစပ်နေသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးကွန်ရက်နှင့် ကောင်းစွာချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော ပင်လယ်ထွက်ပေါက် ပိုင်ဆိုင်ထားသည့် ကမ်းရိုးတန်းနိုင်ငံ(Rimland Country)၊ တစ်နည်းအားဖြင့် ပင်လယ်ရေကြောင်းပိုင်နက်နိုင်ငံ (Maritime State) တစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံ၏အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခန်းကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေပြီး နိုင်ငံ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါကြောင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနည်းလမ်းများအနက် ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းရှိကြောင်းကို United Nation Conference on Trade and Development (UNCTAD)က နှစ်စဉ်ထုတ်ပြန်သည့် Review of Maritime Transport အရ သိရှိရကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးအမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိသည့်အနက် Normal Trade ၏ အဓိကဖြစ်သော ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို မြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင်အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ(Port Industry)အား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်စဉ်တိုးတက်လာနေသည့် နိုင်ငံ၏ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ကိုင်တွယ်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊အဆင့်မြှင့်တင်ခြင်း၊ရေလမ်းကြောင်းများကို ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် လုပ်ငန်းသုံးရေယာဉ်များ၊ စက်ကိရိယာများဖြည့်တင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျွမ်းကျင်လူစွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် နည်းပညာနှင့်တီထွင်ဆန်းသစ်မှုများကိုလည်း ကုန်သွယ်မှုပမာဏတိုးတက်မှုနှင့် လိုက်လျောညီထွေထိရောက်အကျိုးရှိစွာအသုံးချခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းလုပ်ငန်းများနှင့် ရေကြောင်းပြလုပ်ငန်းများတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်စေရေးအတွက် ခေတ်မီရေယာဉ်အသစ်ရှစ်စီးကို စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၇ သန်း အကုန်အကျခံကာ တည်ဆောက်၍ ရေယာဉ်အင်အားဖြည့်တင်း ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် Stakeholder များဖြစ်ကြသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများက မိမိတို့၏ဝန်ဆောင်မှုစနစ်နှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာကုန်သွယ်မှုအတွက် လိုအပ်ချက်စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေအဆင့်ဖြစ်စေရန် အဆင့်မြှင့်တင်ခြင်း၊ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့်စက်ကိရိယာများကို တပ်ဆင်အသုံးချခြင်း၊ ဒေသတွင်းခေတ်မီဆိပ်ကမ်းများနည်းတူ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation) နည်းလမ်းဖြင့် Electronic Port(e-Port) အဆင့်မှသည် Smart Port အဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုများနှင့်အတူ အားလုံးဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်ရေယာဉ်ရှစ်စီး၏ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရေယာဉ်ရှစ်စီးတည်ဆောက်ခြင်းဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသ၍ ပြည်ထောင်စုဝန်ကြီးထံ အခမ်းအနားအမှတ်တရ လက်ဆောင်အဖြစ် "ဂန္ဓ"ရေယာဉ်၏ပုံစံငယ်ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်စတင်ဝင်ရောက်မည့် ရေယာဉ်ရှစ်စီးတို့ကို "ဂန္ဓ"ရေယာဉ် Main Deckပေါ်မှတစ်ပြိုင်နက် ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ရေယာဉ်များပေါ်သို့ လှည့်လည်ကြည့်ရှုကာ ဆိပ်ခံတံတားပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာဌာန သိမ်ဖြူသင်္ဘောကျင်းစုပေါင်းခန်းမသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက သိမ်ဖြူသင်္ဘောကျင်း၏ သမိုင်းအကျဉ်း၊ သင်္ဘောလွှန်းကျင်းများ၏ လက်ရှိအခြေအနေ၊ ရေကြောင်းဖော်ယာများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများပြုပြင်ခြင်း၊ ဌာနပိုင်ရေယာဉ်များကို ပုဂ္ဂလိကနှင့်ပူးပေါင်း၍ တည်ဆောက်ပြုပြင်ထိန်းသိမ်းပေးနိုင်မှု၊ ဌာနနှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက် ရှာဖွေပေးနိုင်ရေးအတွက် လွှန်းကျင်းများနှင့်အလုပ်ရုံများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ဦးစွာတင်ပြပြီး အင်ဂျင်နီယာချုပ်(စက်မှု)က စက်မှုအင်ဂျင်နီယာဌာနလက်အောက်ရှိ သိမ်ဖြူသင်္ဘောကျင်း၊ အံ့ကြီးသင်္ဘောကျင်းနှင့် စက်ဆန်းသင်္ဘောကျင်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဝင်ငွေတိုးတက်ရရှိရေး ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်နှင့် ဝန်ထမ်းကျင့်ဝတ်ကိုအလေးထားလိုက်နာကြရန်၊ ဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝအောင်မြင်မှုရရှိရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အလေးထား ပူးပေါင်းဆောင်ရွက်သွားရန်၊ သမားရိုးကျစီမံခန့်ခွဲမှုစနစ်မှ အီလက်ထရောနစ်စီမံခန့်ခွဲမှု e-Governance စနစ်ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားနေစေရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရန်၊ လုပ်ငန်းသုံးစက်ကိရိယာများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက်လည်း စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းအသုံးချရန်တို့ကိုမှာကြားပြီး သိမ်ဖြူသင်္ဘောကျင်းအတွင်းရှိ လွှန်းကျင်းများနှင့် အလုပ်ရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းသို့ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူးက ဒလသင်္ဘောကျင်း၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုမှာကြားပြီး ဒလသင်္ဘောကျင်းအတွင်းရှိ လွှန်းကျင်းနှင့် လွှန်းလမ်းများအခြေအနေ၊ သင်္ဘောတည်ဆောက်၊ ပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်စတင်ဝင်ရောက်မည့် ရေယာဉ် ရှစ်စီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောဝတီတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူများ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောဝတီတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၄၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကိုအသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူများသည် မာရဝိဇယ



ဦးမြင့်ခိုး



ဒေါ်စုမြတ်ဖြူစင်



ဒေါ်တင်သိန်း

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိမော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား၊သင်တန်းသူများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ်-

"ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးနဲ့ပင်စင်ယူထားတဲ့ ဦးမြင့်စိုးဖြစ်ပါတယ်။ အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့ အငြိမ်းစားတွေအားလုံးကို ဒီတန်ခိုးကြီးဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ပြုနိုင်အောင် စီမံပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ TV ထဲမှာကြည့်ကတည်းက ဒီဘုရားကြီးကို စတည်ကတည်းက ပီတိတွေဖြစ်တာပေါ့။ ကျွန်တော်တို့က ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အတွက် ကျွန်တော် ကံကံ၏အကျိုးကို ယုံတယ်။ အကြောင်းနဲ့အကျိုး ပဋ္ဌာန်းဆက်တွေကိုလည်း ယုံတယ်။ အခုခေတ်ဒီလိုမျိုး အချိန်မှာဒီလိုမျိုးထူးခြားတဲ့ စကျင်ကျောက်တုံးကြီးကို တွေ့ရှိတယ်။ဒါကလည်းအကြောင်းတရားနဲ့ပဲတွေ့ကြတာ။ ယခု ပူဇော်ထုဆစ်ထားတဲ့ကျောက်တုံးကလည်း ကမ္ဘာမှာ တကယ့်အံ့ဖွယ် စကျင်ကျောက်တုံးကြီးကို ရရှိတယ်။ ရရှိပြီးတော့ အလှူဒါယကာကြီး ဦးဆောင်ပြီးတော့ ကျန်တဲ့အလှူရှင်အားလုံးရဲ့စိတ်တိုင်းကျ မုနိပုံကိုလည်းဖော်ပြီးတော့ ထုဆစ်နိုင်တာကလည်းတစ်ကြောင်း။ နောက်ပြီးတော့ဒီမှာ ၂၅၅ ဧကရှိတဲ့မြေကွက်တွေမှာပေါ့နော်။ လိုလေသေးမရှိအောင် သာသနိကပစ္စည်းတွေ၊ အဆောက်အအုံတွေ၊ ပန်းပင်တွေ၊ ရေကန်တွေ၊ ရေဖလားတွေနဲ့အလှူဒါယကာကြီးနဲ့ အလှူရှင်များရဲ့ လိုချင်တဲ့ပုံစံရအောင် ဖော်ထုတ်ပေးတဲ့ တကယ့်မြန်မာနိုင်ငံ အင်ဂျင်နီယာတွေနဲ့၊ တပ်မတော်သား အင်ဂျင်နီယာအားလုံးကိုလည်း တကယ်လုံးဝချီးကျူးတယ်။ နိုင်ငံခြားအကူအညီမပါဘဲ မြန်မာနိုင်ငံမှာရှိတဲ့ ပညာရှင်တွေနဲ့ ထုဆစ်ပုံဖော်ထားတဲ့ ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။"

"ကျွန်မကတော့ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ရေးလုပ်ငန်း နန့်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက အငယ်တန်းအင်ဂျင်နီယာ(၂) လျှပ်စစ် ဒေါ်စုမြတ်ဖြူစင်ပဲဖြစ်ပါတယ်။ ဒီလိုမျိုးသင်တန်းသားတွေအားလုံးလာရောက် ဖူးမြော်ခွင့်ရအောင် လျှပ်စစ်ဝန်ကြီးဌာနကနေပြီးတော့စီစဉ်ပေးတာပဲဖြစ်ပါတယ်။ ဒီလိုဝန်ကြီးဌာနကစီစဉ်ပြီးတော့ စနစ်တကျသင်တန်းသားတွေ လာရောက်ဖူးမြော်ရတဲ့အချိန်မှာ ဒီကနေပြီးတော့ Documentary နဲ့တကွ အသေးစိတ်ရှင်းပြတဲ့အတွက်မသိတာတွေလည်းသိရပြီး တကယ်ကိုပဲစနစ်တကျနဲ့ လာရောက်ဖူးမြော်ရတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ဒီမှာပေါ့နော် လေ့လာစရာတွေလည်း အများကြီးပါပဲ။ ဒီလိုမျိုး ကိုယ်တိုင်လာရောက်ဖူးမြော်ရတာနဲ့ အပြင်မှာပုံတော်ကို ဖူးမြော်ရတာမတူဘူးပေါ့နော်။ အဲ့ဒါကြောင့်မလို့ အနီးနားကလူတွေရော၊ အဝေးကလူတွေရောကိုယ်တိုင် လာရောက်ဖူးမြော်ဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်။ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနဲ့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။"

"ကျွန်မကတော့ ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနကနေ ဒုတိယညွှန်ကြားရေးမှူးနဲ့ အငြိမ်းစား ဒေါ်တင်သိန်း ဖြစ်ပါတယ်။ မာရဝိဇယဘုရားဖူးခရီးစဉ်မှာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကို ပထမဆုံးခရီးစဉ်မှာပါဝင်ခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူဝမ်းမြောက်သလို ကျေးဇူးလည်းတင်ပါတယ်။ ကျွန်မ ဒီဘုရားနဲ့ပတ်သက်ပြီးတော့ရင်ထဲကခံစားချက်လေးကို ပြောချင်ပါတယ်။ အဲ့ဒါဘာလဲဆိုတော့ ဘုရားပုံတော်ကြီး တိမ်တွေကြားထဲမှာပေါ့နော် လွင့်ပြီးတော့ အဲ့ဒီပုံတော်ကိုမြင်လိုက်တဲ့အချိန်မှာ မြဝတီ TV ထဲကမြင်တာပါ။ အဲ့လိုမြင်လိုက်တဲ့အချိန်မှာ ကျွန်မလွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အိပ်မက်ခဏခဏမက်ခဲ့တဲ့ ဘုရားပုံတော်ကြီးဖြစ်နေတာ။ အဲ့လိုဘုရားပုံတော်ကြီး ဖြစ်နေတဲ့အခါကျတော့အော် အိပ်မက်မက်တဲ့ဘုရားကြီးက ကိုယ့်ရှေ့မှာ ဘွားဘွားကြီးပေါ်နေပါ့လားဆိုပြီးတော့ အဲ့ဒီအချိန်ကျမှ ကျွန်မက TV မှာ ကျောက်တုံးသယ်တာကနေစပြီးတော့ နေ့တိုင်းလွှင့်တဲ့ဟာကို ကြည့်ဖြစ်တယ်။ ကြည့်တဲ့အခါမှာ အံ့မခန်းတွေဖြစ်ပြီး ကျောက်တုံး သယ်တာကနေပြီးတော့ ကျောက်တုံးကြီးကို တည့်မတ်တဲ့အထိ ဒီဂရီဘယ်လောက်တည့်သွားပြီ။ ဒီနေ့ကတော့ ဒီဂရီဘယ်လောက်တည့်သွားပြီ စသဖြင့်ပေါ့။ အဲ့ဒါတွေကို အစအဆုံးကြည့်တယ်။ ကြည့်ပြီးတော့ နောက်ပိတ်ဆုံးအနေကဇာတင်ဘုရားပေါ့နော် ဒီစေတီကြီး နောက်ဆုံးအဆင့်ပွဲအထိကို TV မှာနေ့တိုင်းကြည့်တယ်။ အမြဲတမ်းကြည့်တယ်။ ဒီဘုရားကြီးက တကယ်ကို ဆုတောင်းပြည့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအဲ့ဒီ TV ထဲမှာလွှင့်သမျှကို ဘုရားကို အမြဲတမ်းရှိခိုးအာရုံပြုပြီး ဒီဘုရားကြီးကို ကျွန်မကိုယ်တိုင်ကိုယ်ကျ တစ်နေ့မှာ ဖူးခွင့်ရပါစေလို့ TV ထဲမှာပဲ ကြည့်ပြီး ဆုတောင်းခဲ့တာ။ အဲ့တော့ အခုလိုမျိုးဖူးခွင့်ရတဲ့အတွက် ဒီဘုရားနဲ့ပတ်သက်ပြီးတော့ပဋ္ဌာန်းဆက်ရှိသမျှ ပုဂ္ဂိုလ်အပေါင်းတို့ကလည်း နိုင်ငံတော်ရဲ့စီစဉ်ပေးမှုနဲ့ ဘုရားတည်ကတည်းက မြို့နယ်တွေပါမကျန်၊ ကျေးရွာတွေမှာမကျန် အလှူငွေတွေပါဝင်ခွင့်ရအောင် အစိုးရအဖွဲ့အသီးသီးက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီဘုရားထဲမှာ လှည်းနေလှေအောင်းမြင်းစောင်းမကျန် ပါဝင်ခွင့်ရခဲ့ကြတယ်။ ဒါကြောင့်မလို့ အများပြည်သူလည်း ဖူးမြော်စေချင်တယ်။နောက်ပြီး ကျွန်မတို့လို ဝန်ထမ်းအငြိမ်းစားတွေအနေနဲ့လည်း ကိုယ်ဘာသာကိုယ်လာဖူးဖို့ဆိုတာ တော်ရုံနဲ့မရောက်ဖြစ်ဘူး။ မဝေးသော်ငြားလည်း မရောက်ဖြစ်ဘူး။ အခုလိုစီစဉ်ပေးတဲ့အတွက် နိုင်ငံတော်အဆင့်အကြီးအကဲများ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့တကွ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ဒီဘုရားကြီးရေရှည်ထိန်းသိမ်းဖို့၊ အရှည်တည်တံ့ဖို့အနေနဲ့လည်း ကျွန်မတို့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ဥပမာတစ်ခုပြရမယ်ဆိုရင် ကျွန်မတို့ ရောဝတီတိုင်းမှာရှိတဲ့ မြတ်မော်တင်စွန်းဘုရားဟာဆိုရင် မြတ်စွာဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်အခါကတည်းက ဆံတော်အစစ်ကိုဌာပနာထားတဲ့ ဘုရားဖြစ်ပါတယ်။ အဲ့ဒါ မျက်မြင်ကြည့်ခြင်းအားဖြင့် ဟိုတုန်းကထက် တစ်ဆင့်နဲ့တစ်ဆင့်တိုးတက်ပြီးတော့ ပြောင်းလဲလာတဲ့ဘုရားကိုမြင်ကြရမှာပါ။ ဒါကြောင့်မလို့ ဒီမာရဝိဇယဘုရားကြီးဟာ ရှေ့အရှည်မှာ သာသနာတည်တံ့ရေးအတွက် အခုလိုပဲနောင်လာနောက်သားတွေက လက်ဆင့်ကမ်းပြီးတော့၊ဆောင်ရွက်ပြီးတော့ တိုးတက်သည်ထက်တိုးတက်၊သာသနာပြန့်ပွားသည်ထက်ပြန့်ပွား၊ ကမ္ဘာတည်တဲ့အထိအောင်ရှိမယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်လို့ ပြောကြားချင်ပါတယ်ရှင့်။ ဒါကျွန်မရင်ထဲက ပီတိစကားပါရှင့်။"

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။**

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိစစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံအားပေး





**ပြင်ဦးလွင်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ မြို့ရွာများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများကိုမီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့ကိုမထောက်ခံသည့်ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ဆက်ကြေးကောက်ခံခြင်း၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေသည့်လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများအေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေလုံခြုံရေးတာဝန်များကိုနေ့ညမပြတ် ထမ်းဆောင်လျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့်လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်နေပြီး လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြင်ဦးလွင်မြို့၌ သံဃာတော်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အောင်သပြေပန်းများ၊ ပန်းကုံးများ၊ အိုးစည်ဗုံးပတ်များဖြင့် သောင်းသောင်းဖြဖြကြိုဆိုထောက်ခံအားပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter Terrorism Operation)ကို ဂျီနီဗာကွန်ဗင်းရှင်း(၄)ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ(Law Of Armed Con-flict)ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules Of Engagement-ROE) အတိုင်းဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့ နံနက်ပိုင်းတွင် ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်း အတွင်း၊ အပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၁-၂-၂၀၂၄ (စနေနေ့)**

၁။ ၀၆း၃၀ ခံစားနားဆင်မြန်မာသံစဉ်
၂။ ၁၁း၀၀ စိုက်မွေးသုတ
၃။ ၁၃း၀၀ တိုင်းရင်းသားစကား ပြောကြရအောင်
၄။ ၁၄း၃၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၆း၀၀ First Step
၆။ ၁၈း၂၀ Thazin Request Song

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ကြေညာခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာကတော့ ယခုမှအသစ်ပြဋ္ဌာန်းလိုက်တဲ့ဥပဒေမဟုတ်ပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းကတိုင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာရှိပါတယ်။ အဲ့ဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထဲမှာ ဥပဒေအမှတ် (၂၇ / ၂၀၁၀)နဲ့ ၁၉၅၉ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်ပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ပြောရမယ်ဆိုရင်တော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အခန်းရှစ်ခန်းပါပါတယ်။ ဒီအခန်း ရှစ်ခန်းထဲမှာ အရေးကြီးတဲ့ဟာတွေကိုပဲ ကျွန်တော်ထုတ်နုတ်ပြီးပြောလိုပါတယ်။ အခန်း(၁)မှာတော့ စစ်မှုထမ်းရမယ့်ကာလတွေ၊ ဒီစစ်မှုထမ်းရမယ့်ကာလတွေမှာ စစ်မှုထမ်းရမယ့် အသက်အရွယ်တွေ၊ ကာလတွေ၊ စစ်မှုထမ်းရမယ့် အသက်အရွယ်အနေနဲ့ နိုင်ငံသားတိုင်း အမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ်မကျော်သေးတဲ့ သူတွေ၊ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၇ နှစ်မကျော်သေးတဲ့သူတွေဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ကတော့ အမျိုးသားအသက် ၁၈နှစ်ပြည့်ပြီး အသက် ၄၅ နှစ်မကျော်သေးတဲ့သူတွေ၊ အမျိုးသမီးအသက်၁၈နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မကျော်သေးတဲ့သူတွေအားလုံးသည် စစ်မှုထမ်းဆောင်ဖို့အတွက် တာဝန်ရှိပါတယ်။ စစ်မှုထမ်းဆောင်ရမယ့်ကာလကတော့ ၂၄ လ နှစ်နှစ်ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ ၃၆ လ သုံးနှစ်ဖြစ်ပါတယ်။

ဒီပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ဒီတာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့တာဝန်ရှိပါတယ်။ ဒါကြောင့်မလို့ ဒီဟာတွေကို စောင့်ထိန်းဖို့တာဝန်ရှိတာနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပါတယ်။ ဒ့ါပြင်နိုင်ငံသားတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပြဋ္ဌာန်းချက်မှာ နိုင်ငံသားတွေရဲ့ မူလတာဝန်ဝတ္တရားတွေရှိပြီးဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၈၅မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းမှာတာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၆ မှာတော့ နိုင်ငံသားတိုင်းဟာ ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ စစ်ပညာသင်ကြားရန်နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်တာဝန်ရှိသည်ဆိုပြီး ပြဋ္ဌာန်းထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ဒါတွေနဲ့အတူတူပဲ ဒီနိုင်ငံသားတိုင်း စစ်မှုတာဝန်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်ဟာ ပုဒ်မ၂၀(ဃ)မှာ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနဲ့ကာကွယ်ရေးမှာပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတာတွေ့ရမှာဖြစ်ပါတယ်။ ဒ့ါပြင် ဒီလိုဆောင်ရွက်တဲ့နေရာမှာ အခြေခံဥပဒေ ၃၃၉ မှာနိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်ရမည်လို့ပါရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ဥပဒေအမှတ် (၂၇ / ၂၀၁၀) နဲ့ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အဲ့တစ်ရက်ထဲမှာပဲနောက်ထပ်ဥပဒေတစ်ခုရှိပါသေးတယ်။ အဲ့ဒါကတော့ ဥပဒေအမှတ်( ၂၈ / ၂၀၁၀) နဲ့ ပြဋ္ဌာန်းခဲ့တယ်။ အရန်တပ်ဖွဲ့ဥပဒေဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ စစ်မှုမထမ်းမနေရပြဋ္ဌာန်းထားတဲ့ နိုင်ငံပေါင်း ၁၈ နိုင်ငံခန့်ရှိကြောင်းကို လေ့လာတွေ့ရှိပါတယ်။ တချို့အပိုင်းတွေမှာတော့ National Service အမျိုးသားစစ်မှုထမ်းစနစ်ဆိုတဲ့ ခေါင်းစဉ်မျိုးတွေနဲ့ ပြဋ္ဌာန်းထားတာမျိုးတွေ တွေ့ရပါတယ်။ အမျိုးသားစစ်မှုထမ်းတာဝန် National Service ကို တာဝန်ထမ်းဆောင်တဲ့နေရာမှာတော့ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ တာဝန်ထမ်းဆောင်ရတာကို တွေ့ရပါမယ်။အကြမ်းဖျင်းလေ့လာကြည့်ရင် စစ်မှုထမ်းဆောင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပြီးတော့ စစ်မှုထမ်းဆောင်စေခြင်းမရှိတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ခုနကပြောတဲ့ စစ်မှုထမ်းဆောင်တဲ့ဥပဒေပြဋ္ဌာန်းပြီး မဖြစ်မနေ စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံတွေလည်းရှိပါတယ်။နောက်တစ်မျိုးကတော့ ထူးခြားတဲ့အခြေအနေတစ်ရပ်အတွင်း ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများဖြစ်ပါတယ်။နောက်တစ်ခုကတော့ မဖြစ်မနေစစ်မှုထမ်းဆောင်ခြင်းနဲ့ ဆန္ဒအရစစ်မှုထမ်းဆောင်ခြင်း၊ နှစ်မျိုးလုံးကိုကျင့်သုံးနေတဲ့ နိုင်ငံများဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ မဖြစ်မနေစစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့နိုင်ငံများမှာ တပ်မတော်များမှာ တာဝန်ထမ်းဆောင်တဲ့နေရာမှာ အရပ်ဘက်လုပ်ငန်းတွေ၊ လက်နက်မကိုင်ရတဲ့ လုပ်ငန်းတွေ၊




တိုက်ပွဲမဝင်ရတဲ့နေရာတွေမှာ ရွေးချယ်အမှုထမ်းခွင့်ရှိတဲ့နိုင်ငံတွေလည်းရှိပါတယ်။ နောက်တစ်မျိုးကတော့ မဖြစ်မနေစစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများရဲ့စစ်တပ်များမှာ တာဝန်ထမ်းဆောင်ရာမှာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ နိုင်ငံများလည်းရှိပါတယ်။အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်နေတဲ့ လက်ရှိ ၁၈ နိုင်ငံရှိကြောင်းကိုတွေ့ရပါတယ်။ဥပမာအနေဖြင့် ဩစတြေးလျ၊ ဂျာမနီ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူကီယဲစတဲ့ နိုင်ငံများဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ဖို့အတွက် မဖြစ်မနေပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီလိုပါပဲ တချို့နိုင်ငံတွေမှာ ခုနကျွန်တော်ပြောခဲ့တဲ့ ခြောက်မျိုး ပုံစံမျိုးတွေနဲ့ရှိပါတယ်။ တချို့နိုင်ငံတွေကတော့ စစ်မှုမထမ်းမနေရစနစ်ကိုပဲ အပျော်တမ်းတပ်ဖွဲ့တွေ၊ အမြဲတမ်းမဟုတ်တဲ့တပ်ဖွဲ့တွေ၊ ဒီလိုပုံစံမျိုးနဲ့ တာဝန်ထမ်းဆောင်နေတာမျိုးတွေလည်းရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်ပြောချင်တာက ကမ္ဘာပေါ်မှာတော့ စစ်မှုထမ်းဆောင်ခြင်းဆိုတာသည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ပြည်သူအားလုံးမှာတာဝန်ရှိတာနဲ့အညီ ပြဋ္ဌာန်းချက်အမျိုးမျိုး ဥပဒေအမျိုးမျိုးနဲ့ ပြဋ္ဌာန်းသက်ဝင်လှုပ်ရှားနေတာပဲ ဖြစ်တယ်ဆိုတာကို ပြောလိုပါတယ်။ ကျွန်တော်တို့ဒေသတွင်း နိုင်ငံများအနေနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုရင် ၁၉၉၁ ခုနှစ်ကတည်းကတိုင် စတင်ပြဋ္ဌာန်းကျင့်သုံးနေတာဖြစ်ပါတယ်။ အရွယ်ရောက်ပြီးတဲ့ အမျိုးသား ၁၈ နှစ်အထက်နဲ့ အရွယ်ရောက်ပြီးတဲ့ အမျိုးသမီး ၂၀ နှစ်အထက် ကျန်းမာရေးကောင်းမွန်သူအားလုံးဟာ ပြည်သူ့စစ်ဌာနချုပ်အလိုက် တပ်သားသစ်စာရင်းသွင်းပြီး သင်တန်းပေးလေ့ကျင့် သုံးနှစ်စစ်မှုထမ်းတာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကတော့ စစ်မှုထမ်းဆောင်ရန်မလိုဘဲနဲ့ လေ့ကျင့်ရေးစစ်ပညာအခြေခံသင်တန်းကို သက်ဆိုင်ရာပြည်နယ်စစ်ဌာနချုပ်တွေမှာ ခြောက်လသင်တန်းတက်ရတာမျိုးတွေ့ပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာဆိုရင် အမျိုးသားအားလုံး တပ်မတော်မှာတာဝန်ထမ်းဆောင်ရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အရန်တပ်သားအဖြစ်မှတ်ပုံတင်သူတွေဟာ အသက်၂၁နှစ်ပြည့်တဲ့နှစ်မှာ မိမိစစ်မှုထမ်းဆောင်ရန်မှတ်ပုံတင်ထားတဲ့မြို့နယ်တွေမှာ ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ စစ်သင်တန်းတက်ရောက်ရန် စာရွက်စာတမ်းများတောင်းယူရပါတယ်။

ပြီးရင် ကျွန်တော်တို့စာရင်းသွင်းပြီးရင် ဥပဒေအရစစ်မှုထမ်းဆောင်နိုင်ရေးရွေးချယ်တဲ့အပေါ်မှာ မဲနှိုက်ရပါတယ်။ အနီမဲနဲ့ အနက်မဲဆိုပြီး နှစ်မျိုးရှိပြီး အနီမဲရတဲ့သူတွေက စစ်မှုထမ်းဆောင်ရပြီး အနက်မဲရတဲ့သူတွေက စစ်မှုထမ်းဆောင်ရန် ကင်းလွတ်ခွင့် သူနေရာနှင့်သူ ပြဋ္ဌာန်းကျင့်သုံးနေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ စင်ကာပူနိုင်ငံဆိုရင် အမျိုးသားစစ်မှုထမ်းမှုဥပဒေကို ၁၉၆၇ခုနှစ်မှာပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ သူတိုင်း နှစ်နှစ်စစ်မှုထမ်းတာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ ဒါတွေသည် ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း စစ်မှုထမ်းဆောင်ခြင်းဆိုတဲ့ အကြောင်းအရာသည် ယခင်ကတည်းကတိုင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခင်ကျွန်တော်တို့ အင်္ဂလိပ်လက်ထက် ဂျပန်ခေတ်ကတိုင် ထောင်ပြုမြို့၊ဆယ်ပြုမြို့၊ရာပြုမြို့စတဲ့စစ်မှုထမ်းဆောင်နိုင်ရန်အတွက် မြို့အလိုက်ကနေပြီးတော့ စစ်မှုထမ်းဆောင်ရန်ဆင့်ခေါ်ရင် မြို့အလိုက် လူဦးရေတစ်ထောင်၊ လူဦးရေရာဂဏန်း၊ လူဦးရေဆယ်ဂဏန်းစစ်မှုထမ်းဆောင်ရန်အတွက်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ရန်အတွက် လုပ်ဆောင်ပေးရတဲ့ဟာတွေရှိပါတယ်။ ဒ့ါပြင်လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှာဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ဖွဲ့စည်းခဲ့ပါတယ်။ဒီ BIA မှာလည်း စစ်မှုထမ်းဆောင်ဖို့စစ်စည်းရုံးဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဇန်ကောက်မှာ အင်အား၂၀၀လောက်နဲ့ စတင်ခဲ့တဲ့ BIA ဟာ ခြောက်လ ခုနစ်လအတွင်းမှာ အင်အားငါးသောင်းထိစစ်စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မလို့လည်း လွတ်လပ်ရေးကိုရယူ နိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ ကျင့်သုံးနေတဲ့ စစ်မဟာဗျူဟာသည် ပြည်သူ့စစ်မဟာဗျူဟာဖြစ်ပါတယ်။ဒါမြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံး စစ်မဟာဗျူဟာကို သုံးသပ်ချမှတ်တဲ့နေရာမှာ ၁၉၆၄ ခုနှစ်တပ်မတော်တပ်မှူးများညီလာခံကနေစပြီး ပြည်သူ့စစ်မဟာဗျူဟာအကောင်အထည်ဖော်ဖို့ စတင်ဆွေးနွေးခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို လက်ခံရေးဆွဲခဲ့တာဖြစ်ပါတယ်။တပ်မတော်အနေနဲ့ စစ်စည်းရုံးနိုင်မှုစွမ်းရည်နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မှုစွမ်းရည်တွေကို ပြည်ပကျူးကျော်မှုဖြစ်တဲ့ တရုတ်ဖြူကူမင်တန် ကျူးကျော်စစ်ကာလ ပြည်တွင်းသောင်းကျန်းမှုအရှိန်မြင့်တက်နေတဲ့ ကာလတွေမှာ ကျွန်တော်တို့ဆောင်ရွက်ခဲ့ရပါတယ်။မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွေမှာဆိုရင် ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးပြီးတော့ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မလို့ ပြည်တွင်းသောင်းကျန်းမှုမြန်မာနိုင်ငံအလယ်ပိုင်းဒေသအရေးပါတဲ့ဒေသမှာ ပြည်တွင်းသောင်းကျန်းမှုကို အတူတူချုပ်ငြိမ်းသွားရခြင်းပဲဖြစ်ပါတယ်။ဒီနေ့ဒီအချိန်အခါမှာလည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေများအရ ပြည်သူ့စစ်မဟာဗျူဟာ ပြည်သူအားလုံးပါဝင်တဲ့ အမျိုးသားစစ်မှုထမ်းစနစ်မဖြစ်မနေကျင့်သုံးဖို့ လိုအပ်လာပါတယ်။ ဒါတွေကြောင့်မလို့ ကျွန်တော်တို့အနေနဲ့ ဒါတွေကိုဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း လိုအပ်လာရင် ဒီအမျိုးသားစစ်မှုထမ်းစနစ်ထက်မြင့်မားတဲ့ စစ်စည်းရုံးမှု (War Mobilization)ဆိုတဲ့ ပုံစံမျိုးထိလုပ်ဆောင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုမျိုးလုပ်ဆောင်လာခြင်းဟာ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက်လိုအပ်လာရင် ဆောင်ရွက်ရခြင်းသာဖြစ်ပါတယ်။ စစ်စည်းရုံးခြင်းဆိုတဲ့ဟာတွေ ဆောင်ရွက်တဲ့အခါမှာတော့ နိုင်ငံတော်မှာစစ်ကာလ၊ ဒါမှမဟုတ် အရေးပေါ်ကာလရည်မှန်းချက်များကိုအောင်မြင်နိုင်ဖို့အတွက် နိုင်ငံရဲ့အရင်းအမြစ်များကိုစုစည်းတဲ့၊ ဖွဲ့စည်းတဲ့၊ အသုံးချတယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ အခုကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေထက်မြင့်မားတဲ့ကိစ္စတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဥပမာစစ်စည်းရုံးခြင်းတွေမှာဆိုရင် နိုင်ငံရေးအရ စစ်စည်းရုံးမှုတွေ၊ စီးပွားရေးအရ စစ်စည်းရုံးမှုတွေ၊ စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ စစ်စည်းရုံးမှုတွေ ဒါကြောင့်မလို့ စစ်စည်းရုံးမှုပုံစံတွေ၊ စစ်စည်းရုံးမှုအသွင်သဏ္ဍာန်တွေနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီဟာဆောင်ရွက်ရခြင်းဟာ ကျွန်တော်တို့အနေနဲ့ စစ်ရေးတာဝန်တစ်ခုတည်းကို ရည်မှန်းပြီးတော့ ဆောင်ရွက်ရတာမဟုတ်ပါဘူး။ ပြည်သူ့စစ်မဟာဗျူဟာရဲ့ သဘောမှာ အမြဲတမ်းတပ်မတော်နဲ့ ပြည်သူတို့အကြား အဆက်အစပ်ဆိုတာပဲဖြစ်ပါတယ်။ဒါကြောင့်မလို့ ဒီအမြဲတမ်းတပ်မတော်နဲ့ ပြည်သူတို့ရဲ့အကြား အဆက်အစပ်ကို ပြည်သူ့စစ်မှုထမ်းဥပဒေက ပိုပြီးတော့ခိုင်မာစေမှာဖြစ်ပါတယ်။ ပိုပြီးတော့တည်မြဲစေမှာဖြစ်ပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်တဲ့အကျိုးကျေးဇူးတွေအနေနဲ့ကတော့ စစ်ကိုဟန့်တားနိုင်တဲ့စွမ်းရည် (Deterrence Power) ပိုမိုပြီးရရှိလာမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြရရင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် မိမိတို့နိုင်ငံရဲ့ကာကွယ်ရေး အင်အားနဲ့ မိမိတို့ပြည်သူလူထုရဲ့ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်တွေကိုပြသနိုင်မှာဖြစ်ပါတယ်။ ဒီလိုပြသနိုင်ခြင်းအားဖြင့် ပြိုင်ဘက်ရန်သူတွေဟာ ရန်ပြုလိုစိတ်၊ စစ်နဲ့ယှဉ်ပြိုင်လိုစိတ်များပျောက်ကွယ်သွားရင် ဟန့်တားရေးမဟာဗျူဟာအောင်မြင်ပါတယ်။ စစ်မဖြစ် ရဘဲဟန့်တားရေးမဟာဗျူဟာအောင်မြင်ခြင်းဖြစ်ပါတယ်။စစ်ကိုဟန့်တားနိုင်တဲ့ စွမ်းရည်တွေရရှိလာမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီနိုင်ငံတော်လုံခြုံရေးအတွက် ကြိုတင်အခြေအနေတွေ ဖန်တီးနိုင်မှာဖြစ်ပါတယ်။ဒ့ါပြင်ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နဲ့အကျုံးဝင်နေတဲ့အတွက် စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်စေနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ အမြဲတမ်းတပ်မတော်ကို အင်အားအကြီးမားဆုံး၊ အခိုင်ခံ့ဆုံး မတည်ဆောက်ဘဲ ပြည်သူအားလုံးပါဝင်တဲ့စနစ်ကို ဖော်ဆောင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့စီးပွားရေးတည်ဆောက်မှုနဲ့ ကာကွယ်ရေးတည်ဆောက်မှုတို့ကို ဘက်ညီမျှတစေမှာလည်းဖြစ်ပါတယ်။ပြီးရင်စစ်သိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေရရှိလာမှာဖြစ်ပါတယ်။ ပြီးရင်တော့ နိုင်ငံလုံးဆိုင်ရာစုစည်းညီညွတ်မှုတွေပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်။ ဒီအကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်နေတဲ့အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးသွေးစည်းညီညွတ်မှု (National Sovereignty)ဒါတွေလည်းတိုးမြင့်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာသည် စစ်သားမှာမှတာဝန်ရှိတာမဟုတ်ပါဘူး။နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးမှာ တာဝန်ရှိပါတယ်။ နိုင်ငံတော်လုံခြုံရေးတာဝန်ဆိုတာသည် အားလုံးမှာတာဝန်ရှိပါတယ်။ ဒါကြောင့်မလို့ ဒီပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အားလုံးကဂုဏ်ယူဝမ်းမြောက်စွာနဲ့တာဝန်ထမ်းဆောင်ကြဖို့ ပြောကြားလိုပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

# ကောလင်းမြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တိုက်ခိုက်ချေမှုန်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကန့်ဘလူမြို့နယ်သို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ မြို့လုံခြုံရေးထုတ်နုတ်အဖွဲ့နှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတို့ကို တိုက်ခိုက်ခဲ့ပြီး မြို့နှင့်အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ နေရပ်စွန့်ခွာသူ ဒေသခံများ၏ နေအိမ်များသို့ ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။



ကောလင်းမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်ထားနိုင်မှုကို တွေ့ရစဉ်။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကောလင်းမြို့အဝင်လမ်းအား ပိတ်ဆို့ထားပုံနှင့် ဈေးဆိုင်များကို ဘန်ကာဆောက်လုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဘန်ကာများဆောက်လုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများ အနေဖြင့် ကောလင်းမြို့ကို စစ်ကိုင်းတိုင်းဒေသကြီး၏ တောင်ဘက်နှင့်မြောက်ဘက် ဆက်သွယ်မှုအရ အရေးကြီးသောမြို့ဖြစ်ခြင်း၊ ကောလင်းမြို့အနီးရှိ သဖန်းဆိပ်ဆည်ပတ်ဝန်းကျင်တွင် တရားမဝင်လုပ်ကိုင်လျက်ရှိသည့် ရွှေလုပ်ကွက်နှင့် ရေနံလုပ်ကွက်များကို ထိန်းချုပ်နိုင်သည့် နေရာဖြစ်ခြင်းတို့ကြောင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကောလင်းမြို့သို့ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက် အကြမ်းဖက်လုပ်ရပ်ကျူးလွန်မှုအပေါ် နီးစပ်ရာတပ်ရင်း၊ တပ်ဖွဲ့ရှိ တပ်မတော်သားများနှင့် လှုပ်ရှားစစ်ကြောင်းတစ်ကြောင်းက တန်ပြန်ချေမှုန်းရေး ဆောင်ရွက်ခဲ့သော်လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ထီးချိုင့်မြို့ကိုအကြမ်းဖက်သမားများ၏လက်အောက်သို့ မကျရောက်ရေးအတွက်လည်း အင်အားဖြန့်ခွဲ၍ စစ်ကူပစ်ကူပေးခဲ့ရခြင်းကြောင့် ကောလင်းမြို့ကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များမှ သင့်တင့်သောအင်အားအသုံးပြု၍ ဝိုင်းပတ်ပိတ်ဆို့ထားရှိခဲ့သည်။

တစ်ချိန်တည်းတွင် ကောလင်းမြို့ခံဝန်ထမ်းများ၊ အရပ်သားများအနေဖြင့် အကြောင်းမဲ့ နေရပ်စွန့်ခွာထွက်ပြေးရမှု၊ အနိုင်ကျင့်ခံရမှုအပေါ် တုံ့ပြန်နိုင်ရေးနှင့် နှိပ်စက်မှုများကို လက်မခံနိုင်သည့် ကျေးရွာများမှ လူငယ်များ၊ လူလတ်ပိုင်းများအနေဖြင့်လည်း ဝန်းသို၊ ကန့်ဘလူမြို့နယ်ရှိ နီးစပ်ရာတပ်ဌာနချုပ်များမှ လှုပ်ရှားလုံခြုံရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့ရွာကာကွယ်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် တောင်းဆိုမှုများအရ ရပ်ရွာလုံခြုံရေး၊ မြို့ရွာကာကွယ်ရေးအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊တပ်မတော်မှလည်းလိုအပ်သည့် စစ်ကူပစ်ကူ အင်အားများဖြည့်တင်းခြင်းကို၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ ၂၀၂၄ ဇန်နဝါရီလ တတိယပတ်ထိလည်းကောင်း ပြင်ဆင်လေ့ကျင့်ခြင်းနှင့်လိုအပ်သည့် စုဖွဲ့မှုများကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ အင်အားစုဖွဲ့ပြီးနောက် တပ်မတော်စစ်ကူစစ်ကြောင်းများအနေဖြင့် ကောလင်းမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter- Terrorism Operation) ဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့သို့ရောက်ရှိကြရာ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုအားပေးခဲ့ကြသည်။ထိုမှတစ်ဆင့်တပ်မတော်စစ်ကြောင်းများသည် ကောလင်းနယ်မြေအတွင်းသို့ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် ချီတက်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ကောလင်းမြို့ကို ယနေ့တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် ကောလင်းမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များတွင် တာယာကွင်းများ၊သဲအိတ်များစီ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကိုလုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများကို

စာမျက်နှာ ၂၅ သို့



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဈေးဆိုင်များ၊ လူနေအဆောက်အအုံများကို ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အုပ်ချုပ်မှုအဆောက်အအုံများကို မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအဆောက်အအုံများကို မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အဆောက်အအုံများနှင့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အဆောက်အအုံများကို မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၄ မှအဆက်

မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိတွေ့မှုများ ဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်းတိုးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင်အသုံးပြုသည့်ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံးနှင့် ကားများကို မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များပြုလုပ်ခဲ့ခြင်းကြောင့် မြို့တွင်းရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ကောလင်းမြို့မှ နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့်အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Daw Ei”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ဖြိုးအိစံအား နံနက် ၁၁ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ “Kyaw Soe Oo”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်နေ ကျော်စိုးဦးအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရှုံးပေးခြင်း

ကိုရွှေတောသား(ဆင်ကူး)



(၁)

"ကျွန်တော်နဲ့ ထားရည်ကို သဘောတူပေးပါ အန်တီ။ ကျွန်တော် ထားရည်ကို တကယ်ချစ်တာပါ။ တစ်သက်လုံး မယားမှတ်မှတ် သားမှတ်မှတ်ပေါင်းသင်းသွားပါ့မယ်လို့ ကတိပေးပါတယ်"

အစ်ကိုက ဧည့်ခန်းထဲတွင် အမေ့ထံ ခွင့်တောင်းနေသည့်စကားကို ထားရည် ကြားနေရသည်။ ထားရည် အစ်ကို့ကို ထွက်တွေ့ခွင့်မရအောင် အမေက အိပ်ခန်းတံခါးကို သော့ခတ်ထားသည်။ ထားရည် အမေ့ထံမှ ပြောထွက်လာမည့်စကားများကို ကြိုတင်သိထားနှင့်လေပြီ။ အမေသည် အစ်ကိုနှင့်ထားရည်ကို ဘယ်နည်းနှင့်မှ သဘောတူလိမ့်မည်မဟုတ်ချေ။

"ကျွန်တော်တို့နှစ်ယောက်ကို သဘောတူပေးပါ အန်တီရယ်။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်မှာ ပစ္စည်းဥစ္စာတွေမရှိပေမဲ့ ထားရည်ကို စိတ်ချမ်းသာအောင် ထားနိုင်ပါတယ်။ ကျွန်တော် ကြိုးစားသွားမှာပါ"

အမေသည် သည်အချိန်ထိ ဘာစကားမှပြန်မပြောဘဲ ငြိမ်သက်လျက်ရှိသည်။

"ကျွန်တော် ထားရည်ကိုချစ်တဲ့အချစ်က အန်တီတို့ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေကို မက်လို့မဟုတ်ရပါဘူးအန်တီရယ်။ ထားရည်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ကျွန်တော့်ရဲ့ဘဝထဲထည့်လိုက်ပါ"

"တော်စမ်း ထွန်းမောင် ငါနားထောင်ကောင်းလို့ ငြိမ်ပြီးနားထောင်နေတယ်လို့ နင်ထင်နေသလား။ တကတဲ နည်းနည်းလေးမှ လူလိုမသိတဲ့ကောင်။ တန်ရာတန်ရာမှန်းမှပေ့ါ။ ကိုယ့်ဘဝနဲ့ကိုယ်တောင် သူများအိမ်ကပ်နေပြီး သူများပေးတာကမ်းတာ စားနေရတဲ့ကောင်ကများ ရွှေပေါ်မြတင်ထားတဲ့ငါ့သမီးကို မှန်းနေသေးတယ်"

"ဗျာ"

"ဗျာမနေနဲ့ နင့်ကို အခုလိုငါ့အိမ်ကိုခေါ်တွေ့တာ နင့်စကားတွေ နားထောင်ချင်လို့ ခေါ်တာမဟုတ်ဘူး။ နင့်ကို အသိပေးစရာရှိလို့ဟဲ့"

"အန်တီရယ်"

"နင် အခုအချိန်ကစပြီး ငါ့သမီးနဲ့ဝေးဝေးနေပါ။ နင့်လိုကောင်နဲ့ငါ့သမီးကို ဘယ်တော့မှငါသဘောတူမှာမဟုတ်ဘူးထွန်းမောင်။ နင့်ကို ငါ အခုကောင်းကောင်းပြောနေတာ။ ဒါမှမရဘူးဆိုရင် ငါ့အဆိုးမဆိုနဲ့ ငါ့အကြောင်း နင်သိတယ်မဟုတ်လား"

"အန် အန်တီရယ် ကျွန် ကျွန်တော် တကယ်"

"တော်တော့လို့ ငါပြောနေတယ်လေ။ သွား အခု ငါ့အိမ်ပေါ်ကဆင်းသွား"

"အန် အန်တီ"

"သွားတော့လို့ ပြောနေတယ်လေ။ ကြာရင် ငါ နင့်ပါးကိုထရိုက်လိုက်မိတော့မယ်နော်"

ထားရည် အစ်ကို့ဆီပြေးသွားချင်မိသည်။ သို့သော် ထားရည်ဘဝက အမေ့ကို မလွန်ဆန်ရဲပေ။ အမေက ပြောလျှင်ပြောသလို ရက်စက်တတ်သည်။ ထားရည်ကို အိပ်ခန်းထဲသော့ခတ်ထားပြီး ဘာစကားမှမပြောဘဲ ငြိမ်နေရန်တားထားသည်။ သည်လိုမှမဟုတ်လျှင် ထားရည်ကို ပါးတွေနားတွေရိုက်ပစ်မည်ဟုပြောသည်။ ထားရည် ဘာလုပ်ရမည်နည်း။ ထားရည် ဘယ်လိုမှ မတွေးတတ်တော့ပေ။ ထားရည် ကိုယ့်ကိုယ်ကိုယ်သာ သတ်၍သေချင်ပါတော့သည်။

(၂)

"မယ်စိန် မင်းအတ္တတွေတော်တော်ကြီးနေပြီ"

ရုတ်တရက်ကြားလိုက်ရသည့် အဖေ့အသံကြောင့် ထားရည် ဧည့်ခန်းဘက်ဆီခိုးကြည့်မိသည်။ လယ်ထဲကနေ ပြန်ရောက်လာသည့်အဖေက အမေ့ကို ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်မ အတ္တကြီးတာမဟုတ်ဘူး ကိုလှတင်။ ကိုယ့်သားသမီးဘဝရှေ့ရေးအတွက်လုပ်နေတာ"

"အဲဒါဆိုလဲ စဉ်းစဉ်းစားစားလေးလဲလုပ်အုံး။ လူကြားမကောင်းအောင်လုပ်မနေနဲ့"

"အခု ကျွန်မက ဘာလုပ်နေလို့လဲ"

"မင်း ထွန်းမောင်ကို အိမ်ခေါ်ပြီး မို့ချိုးမျှစ်ချိုးနဲ့ နှစ်နှစ်နာနာပြောလွှတ်လိုက်တယ်ဆို"

"ရှင့် ဘယ်သူပြောလဲ"

"တစ်ရွာလုံး ဟိုးဟိုးကျော်ဖြစ်နေပြီ"

"လူတွေကလဲခက်လိုက်တာ။ သူများအိမ်တွင်းရေးကို စွက်ဖက်ချင်ကြတယ်။ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွား အလကားကျောင်းချင်နေကြတယ်။ မယ်စိန့်အကြောင်းမသိကြတာလဲမဟုတ်ဘူး။ တစ်ရွာလုံးပတ်ပြီး အော်ဆဲပစ်လိုက်အုံးမယ်"

"မယ်စိန် မင်း လူဆိုရင် လူလိုသိရတယ်၊ လူလိုပြောရတယ်၊ ကိုယ်ချင်းစာနာတရား ရှိရတယ်"

အဖေနှင့်အမေ၏ရန်ပွဲက တစ်စတစ်စဖြင့် ပေါက်ကွဲဆူညံလာသည်။ ထားရည်လည်း ဘာမှမတတ်နိုင်ပေ။ ပြဿနာက ထားရည်ကြောင့်ဖြစ်သည်။ အဖေက အမေ့လိုမဟုတ်။ လူအေးလူတည်တစ်ယောက်ဖြစ်ပြီး စကားများများမပြောတတ်။ လူတစ်ဖက်သားကိုလည်း သနားကြင်နာတတ်လေသည်။ အမေ အစ်ကို့ကို နှစ်နှစ်နာနာပြောလွှတ်လိုက်သည့်စကားက အဖေ့နားပြန်ရောက်သွားလေသည်။ မဟုတ်မခံ အမှန်တရားကိုနှစ်သက်သည့်အဖေ့ဒေါသက မီးပမာတဟုန်းဟုန်း တောက်နေသည်။

"မင်းက ဘဝသိပ်မေ့တဲ့မိန်းမပဲ မယ်စိန်"

"ကိုလှတင် ရှင် ရှင် ကျွန်မကို"

"အေး ပြောမှသိမဲ့သူကို ပြောရမယ်ကွ။ မင်းက ရော ဘယ်ဘဝကဆင်းသက်လာလို့လဲ။ လူလူချင်း အဆင့်အတန်းခွဲခြားတဲ့အလုပ် ငါမကြိုက်တာ မင်းမသိဘူးလား"

"တော် တော် ကိုလှတင်။ ရှင်ဆက်မပြောနဲ့တော့။ ရှင်က ကိုယ့်သားသမီးဘဝရှေ့ရေး နည်းနည်းလေးမှ မတွေးတတ်တဲ့လူ"

"ထားပါတော့ အခုငါ့သမီးကဘာဖြစ်နေလို့လဲ"

"ထွန်းမောင်နဲ့ကြိုက်နေတယ်လေ ကျွန်မသဘောမတူပါဘူးလို့ အတန်တန်ပြောနေလျက်နဲ့"

"အေး ထားအုံး။ ထွန်းမောင်က ဘာဖြစ်နေလို့လဲ"

"ကိုလှတင်။ ရှင် ရှင်ဘာဖြစ်နေတာလဲ။ ရှင် ထွန်းမောင်ကို တော်တော်သဘောကျနေတာလား။ ဆွေမရှိ မျိုးမရှိ ကလေကချေအုတ်ကြားမြက်ပေါက်ကို"

"မယ်စိန်"

အဖေ့အော်သံနှင့်အတူ အမေ့အသံကား ရုတ်တရက်ငြိမ်ကျသွားသည်။ အဖေက ဒေါသဖြစ်လျှင် စိတ်ကြီးသည်။ လွယ်လွယ်နှင့်ပြောမရလျှင် လက်ပါခြေပါ ပါတတ်သည်။ အဖေ့ဒေါသကိုသိနေသည့် အမေသည် ထားရည်ကို မကြည်ကြည့်ကြည့်ရင်း ဧည့်ခန်းထဲဝင်သွားလေတော့သည်။

(၃)

တစ်စတစ်စနှင့် အစ်ကိုနှင့်ထားရည်ဘဝက ဝေးသည်ထက် ဝေးလာသည်။ ထားရည် အစ်ကို့ကို လွမ်းနေမိသည်။ အစ်ကိုနေမှကောင်းရဲ့လားတွေးရင်း ထားရည်ငိုမိသည်။ အစ်ကို့ဘဝက သနားဖို့ကောင်းသည်။ ဆွေမရှိမျိုးမရှိဆိုတာထက် အမိအဖဟူသည်ပင် အစ်ကို့မှာမမြင်ဖူးခဲ့။ မွေးကင်းစအရွယ်ကလေးကို လှည်းလမ်းကြောင်းကကောက်ယူပြီး ကျွေးထားကြသည့် ဦးကြီးသာမြိုင်နှင့် ဒေါ်ကြီးသန်းခင်တို့ကြောင့်သာ အစ်ကို့ဘဝက လူတစ်လုံးသူတစ်လုံးဖြစ်ခဲ့ရသည်။ ထားရည် အစ်ကို့ကိုချစ်ရသည့်အကြောင်းရင်းရှိသည်။ အစ်ကိုက အခြားယောကျ်ားသားများနှင့်မတူ။ အရက်သေစာ၊ မူးယစ်လောင်းကစား လုံးဝမလုပ်။ တည်ကြည်အေးဆေးစွာ နေထိုင်တတ်သလို အလုပ်ကို ကြိုးစားတတ်သည်။ လူတစ်ဖက်သားကိုလည်း ကူညီရိုင်းပင်းတတ်သေးသည်။ ရိုးသားသည့်အစ်ကို့ကို ထားရည်ချစ်သည်။ အစ်ကိုကလည်း ထားရည်ကို တကယ်ချစ်မှန်း ထားရည်သိသည်။ ယခုတော့ ထားရည်တို့ဘဝက တကယ်ပဲဝေးကြရတော့မည်။ တွေးရင်းပင် ထားရည်ရင်ထဲစို့နင့်လာသည်။

"ထားရည် ညည်းကို ရွာတောင်ပိုင်းက မောင်ခင်ဝင်းနဲ့နေရာချပေးမလို့။ ညည်းဘယ်လိုသဘောရလဲ"

ကြိုတင်တွေးထားမိသည့် မကြားချင်ဆုံးစကားကနားနှင့်ဆက်ဆက်ကြားရလေသည်။ အမေက ထားရည်အပေါ် သိပ်ရက်စက်သည်။ ထားရည်အကြောင်းသိလျက်နှင့် မေးလာသည့် အမေ့စကားက ထားရည်နားထဲ မိုးကြိုးပစ်လိုက်သည့်သဖွယ် ကျယ်လောင်စွာ ခါးသီးလွန်းလှသည်။

"ဟင့်အင်း သမီးမယူနိုင်ဘူးအမေ။ မိဘလုပ်စာထိုင်စားပြီး ဘာအလုပ်မှမလုပ်ဘဲ မူးယစ်သောက်စားနေတဲ့လူကို သမီးမယူနိုင်ဘူး"

"ထားရည်"

ထားရည်စကားမဆုံးခင် အမေက အော်သည်။ ဘာပဲဖြစ်ဖြစ် ထားရည် ဘယ်နည်းနှင့်မှ လက်ခံနိုင်မည်မဟုတ်။

"အမေတို့ ထားရည်ကို သတ်ချင်ရင်လဲသတ်ပစ်လိုက်ပါ။ ခင်ဝင်းလိုလူကို ဘယ်နည်းနဲ့မှ သမီးမယူနိုင်ဘူး။ သမီးချစ်တဲ့ အစ်ကိုထွန်းမောင်ကလွဲပြီး ဒီတစ်သက် သမီးဘယ်ယောကျ်ားကိုမှမယူနိုင်ဘူး"

"ကဲဟယ် ဒီလောက်တောင်ဖြစ်နေအုံး"

❖ အစ်ကိုနှင့်ထားရည်တို့ချစ်ခြင်း၌ လုံးဝအပြစ်မရှိမှန်း ထားရည်ယုံကြည်သည်။ ထားရည် အစ်ကို့ကိုယုံကြည်သည်။ ဘာစည်းစိမ်၊ ဘာဥစ္စာပစ္စည်းမှမရှိလျှင်နေပါစေ အစ်ကိုနှင့်သာ အတူနေခွင့်ရလျှင် ထားရည်ဘဝပျော်ရွှင်ရပေလိမ့်မည်။ ထားရည်နှင့်အစ်ကို နှစ်ယောက်တစ်ဘဝထူထောင်ကြပြီးသည့်အခါ ဘဝကို ရိုးရိုးသားသားတည်ဆောက်သွားမည်။ အခက်အခဲများ ဘယ်လောက်ပင်ရှိစေကာမူ နှစ်ယောက်အတူတူ ရင်ဆိုင်ကျော်ဖြတ်မည်။ ❖

"အမေ့"

အမေက ဒေါသနှင့် ထားရည်ပါးကိုရိုက်သည်။ ထားရည် မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားသည်။ ထားရည်အမေ့ကို ခက်ထန်မာကျောသည့်အကြည့်မျိုးဖြင့် မျက်တောင်မခတ်ဘဲ ကြာကြာစိုက်ကြည့်ပစ်လိုက်သည်။ ရိုက်လိုက်ပြီးမှ မှားမှန်းသိသွား၍လား၊ ထားရည်ကို စိတ်ပျက်သွား၍လား မတွေးတတ်။ အမေက ထားရည်ကို စကားဆက်မပြောတော့ဘဲ

စာမျက်နှာ ၂၇သို့ ➤

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၃၂၅ ဧကစိုက်ပျိုးပြီးစီး


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၃၀၀ နှင့် အစေ့ထုတ်ပြောင်း ၂၅ ဧက စုစုပေါင်း ၂၃၂၅ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း လျာထားဧက အားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း ၂၃၂၅ ဧက စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ လက်ရှိမှာတော့ လျာထားဧက အားလုံး စိုက်ပျိုးပြီးပါပြီ။ ဖူးစားပြောင်းအပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုးမွှားအန္တရာယ်ကျရောက်ရင် ဖြေရှင်းဖို့ကိုလဲ သင်တန်းတွေ ပေးထားပြီးဖြစ်ပါတယ်။ ပြောင်းသီးနှံတွေအပါအဝင် ဆောင်းသီးနှံအားလုံးကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

**ကျော်ကျော်လင်း**

# ခရမ်းမြို့နယ် ပျဉ်းမကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ခရမ်း ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် ပျဉ်းမကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းသည် အနက်ပေ ၆၀၀၊ အကျယ် လေးလက်မခွဲရှိပြီး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၃၃၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြတ်ကောင်းကင်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်ထံမှ သိရသည်။

**မျိုးသန်းညွန့်**



# သန့်စွမ်းကြမယ် တို့လူငယ်

- ဖျတ်လတ်လျှင် သန့်စွမ်းလျက်
ဉာဏ်စွမ်းထက် တို့လူငယ်၊
ပျင်းရိရှောင် အဟုတ်တိုးပွားဖို့
အလုပ်ကြိုးစားကွယ်၊
ဖွဲ့သတ္တိ အတူယှဉ်မယ်
ဖြူစင်ဖွယ် စိတ်ကောင်းမွေး၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်စို့လေး။

- ရိုးသားပါ ထက်မြက်အတွေးနဲ့
သွက်လက်မနှေး ဘဝမှာ၊
ရေသာခို အချောင်မလိုက်
စိတ်မိုက်ဖယ်ခွာ၊
ရည်မှန်းချက် ပန်းတိုင်သာ
လျှောက်လှမ်းကာ ခရီးဆက်၊
အခက်ခဲတွေ ဘယ်မမှုတယ်
အနိုင်ယှဉ်လျက်။

- ကိုယ့်တာဝန် မပျက်မကွက်
အဘက်ဘက်မှ ကျေပွန်လေ၊
နိုင်ငံ့ဝန် သယ်ဆောင်ထမ်း
လမ်းဖြောင့်မှန်စေ၊
ဖွဲ့သတ္တိ အားမာန်ခွေ
အများအမှန်တွေ သုံးသပ်ရင်း၊
ကိုယ့်ဂုဏ်ရှိန် တန်ခိုးထက်လို့
တိုးတက်စေမင်း။ ။

**ရဲသွေးနီ(တက္ကဝန်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြခတ်ချောင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိအိ**

➤ စာမျက်နှာ ၂၆မှအဆက်

ထားရည်နှင့် ခပ်ကင်းကင်းနေတော့သည်။

(၄)

တစ်သက်လုံး အေးအေးချမ်းချမ်းနေလာခဲ့သည့်အိမ်ကလေးသည် ထားရည်အရွယ်ရောက်၍ ချစ်သူရည်းစားရလေမှ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည်။ အဖေရယ်၊ အမေရယ်၊ ထားရည်ရယ် မိသားစုသုံးယောက်တည်းသာရှိသော အိမ်ကလေးသည် ယခုအခါ တစ်ယောက်တစ်ကွဲစီဖြင့် ကျောချင်းကပ်လျက် ကမ္ဘာခြားနေကြလေပြီ။ ထားရည်ကိစ္စနှင့်ပတ်သက်၍ အဖေနှင့်အမေလည်း စကားမပြောကြသလို ထားရည်ကိုလည်း အမေက လျစ်လျူရှုထားသည်။ အဖေနှင့် ထားရည်သာ စကားပြောကြသည်ဆိုသော်လည်း အဖေကလည်း လယ်ထဲယာထဲ တစ်နေကုန် အလုပ်သွားရလေသည်။ အမေသည် ထားရည်ကို စကားမပြောဘဲ နေသည်ထက် အိမ်ထဲကအိမ်ပြင်မထွက်စေတော့ဘဲ မျက်စိဒေါက်ထောက်စောင့်ကြည့်နေသည်။ ထားရည် အစ်ကိုနောက် လိုက်ပြေးမည့် အစီအစဉ်ကို ကြိုသိသွားဟန်ရှိသည်။ အစ်ကိုနှင့်ထားရည်တို့ချစ်ခြင်း၌ လုံးဝအပြစ်မရှိမှန်း ထားရည်ယုံကြည်သည်။ ထားရည် အစ်ကို့ကိုယုံကြည်သည်။ ဘာစည်းစိမ်၊ ဘာဥစ္စာပစ္စည်းမှမရှိလျှင်နေပါစေ အစ်ကိုနှင့်သာ အတူနေခွင့်ရလျှင် ထားရည်ဘဝပျော်ရွှင်ရပေလိမ့်မည်။ ထားရည်နှင့် အစ်ကို နှစ်ယောက်တစ်ဘဝတူထောင်ကြပြီးသည့်အခါ ဘဝကို ရိုးရိုးသားသားတည်ဆောက်သွားမည်။ အခက်အခဲများ ဘယ်လောက်ပင်ရှိစေကာမူ နှစ်ယောက်အတူတူ ရင်ဆိုင်ကျော်ဖြတ်မည်။ အဖေတို့၊ အမေတို့ဘဝများသည်လည်း ဟိုတုန်းက အဝတ်တစ်ထည်ကိုယ်တစ်ခု၊ အိုးတစ်လုံးဖျာတစ်လိပ်ဖြင့် ကြိုးစားလာခဲ့ကြပြီး ယခုလို လယ်ယာလုပ်ငန်းများဖြစ်လာကြသည်ထိ တိုးတက်လာသည်ဟု အဖေက ခဏခဏပြောပြဖူးသည်။ ထားရည် စိတ်ကူးယဉ်ထားသမျှ ဘယ်တော့များမှ ဖြစ်လာရမည်နည်း။ မတွေးတတ်တော့ပေ။

(၅)

ထားရည် အစ်ကိုနှင့် မတွေ့ရသည့်ရက်များ ကြာခဲ့လေပြီ။ ထားရည် ရင်ထဲခံစားရသည့်ဝေဒနာများကို ဆက်ပြီးမခံစားနိုင်တော့ပေ။ ထားရည်တို့ဘဝရှေ့ရေးက ထင်သလောက်လွယ်ကူတော့မှာမဟုတ်မှန်း ထားရည်သိနေသည်။ အမေက ထားရည်တို့ကို သိပ်ရက်စက်သည်။ ထားရည် သည်လိုပုံစံမျိုးနှင့် ဘဝကို ရှေ့မဆက်လိုတော့ပေ။ အခန်းတံခါးကို ထွက်မရအောင် သော့ခတ်ထားသော်လည်း ပြတင်းပေါက်များကတော့ဖွင့်၍ရသည်။ ပြတင်းပေါက်ကနေ အိမ်ပြင်ဘက်ဆီသို့ ငေးကြည့်မိသည်။ တကယ်ပင် အရာအားလုံးကို နောက်ဆုံးအနေဖြင့် ငေးကြည့်မိခြင်းဖြစ်သည်။ အားရအောင်လည်းငိုလိုက်မိသည်။ အားလုံးပြီးဆုံးသွားသည့်အခါ ထားရည်၏အသက်မဲ့ခန္ဓာကိုယ်ကို မြေပြင်ထက်၌ တွေ့ကြရပါလိမ့်မည်။

# ငါးပူတင်း၏သဘာဝနှင့် ကောင်းကျိုး၊ ဆိုးကျိုးများ

နှင်းအိ(ရာမညမြေ)

ငါးပူတင်းသည် အပူပိုင်းနှင့် သမပိုင်းဇုန်များရှိ ရေငန်ပိုင်းတွင် အဓိကနေထိုင်ကြပြီး မျိုးစိတ်တချို့ကို ရေချိုတွင်လည်းတွေ့ရတတ်သည်။ ငါးပူတင်း (Tet-raodontidae)သည် မျိုးစဉ် Tetraodonti-formes ရှိ ငါးမျိုးရင်းတစ်ခုဖြစ်သည်။ ငါးပူတင်းမျိုးရင်းတွင် မျိုးစု ၂၈ ခု၊ မျိုးစိတ်ပေါင်း ၁၉၃ ခု ရှိသည်။ ငါးပူတင်းများသည် အသေးစားမှ အလတ်စား အရွယ်အစားရှိကြပြီး ၅၀ စင်တီမီတာ (၂၀ လက်မ) ထိ ကြီးထွားနိုင်သည်။

**မြန်မာ့ငါးပူတင်းမျိုးစိတ်များ**

မြန်မာနိုင်ငံတွင် ဒေသအခေါ်အရ ငါးပူတင်းဝါနှင့် ငါးပူတင်းဖြူဟူ၍ နှစ်မျိုးရှိကြသည်။ ငါးပူတင်းမှာ ပါးစပ်နှင့်မေးရိုးတွင် ကြွက်သွားကဲ့သို့ ကိုက်အားကောင်းသော၊ ထက်ရှသော သွားများရှိကြသည်။ ဝမ်းဗိုက်မှာ သိသာစွာကြီးမားလျက်ရှိပြီး အဆိပ်ဆူးများနှင့်ပြည့်နှက်နေသည်။ ကိုယ်ထည်မှာ ဘေးတိုက်ပြားသည်။ သွားများပူးကပ်လျက်ရှိပြီး နှုတ်သီးကဲ့သို့ ဖြစ်နေသည်။ အရေပြားမှာ သားရေကဲ့သို့ထူထဲသည်။ ကိုယ်ခန္ဓာ အစိမ်းရင့်ရောင်၊ အစိမ်းနုရောင်ရှိကြသည်။ ဘေးဘက်တွင် အဝါရောင်နှင့် မီးခိုးရောင်ရှိပြီး ဝမ်းဘက်ပိုင်းတွင် အဖြူရောင်ဖြစ်ကာ အမြီးစွန်းတွင် အနီရောင်အကန့်ရှိကြသည်။

ငါးပူတင်းနှစ်မျိုးအနက် ငါးပူတင်းဝါကို အူ၊ အသည်း၊ ကလီစာများထုတ်ပြီး ဟင်းချက်စားကြသည်။ ငါးပူတင်းဖြူမှာ ငါးပူတင်းဝါထက် ပိုမိုအဆိပ်ပြင်းသဖြင့် စားလေ့မရှိကြဘဲ မတို့ထိရဲကြပေ။ ငါးပူတင်းဖြူ၏အရေပြားကို တစ်စုံတစ်ခုဖြင့် ထိတွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်း၏အရေပြားမှ ဆူးများသည် ထောင်မတ်လာပြီး ကုန်းပေါ်တွင်ရှိသော "ဖြူ" သတ္တဝါများကဲ့သို့ ရန်သူကိုပြန်လည်ခုခံရန် အဆင်သင့် အနေအထားကို ဖြစ်ပေါ်စေကာ ခန္ဓာကိုယ် တစ်ခုလုံးလည်း ဘောလုံးကဲ့သို့လုံးဝိုင်းသွားစေသည်။ လုံးဝန်း၍ ချစ်စဖွယ်ကောင်းသည်ဟူ၍ လည်းကောင်း၊ မျက်နှာအမူအရာနှစ်လိုဖွယ်၊ သနားစဖွယ်ကောင်းသည်ဆို၍ လည်းကောင်း ပါးစပ်ပေါက်နားသို့ လက်ရောက်မသွားစေရန် အထူးတလည်အရေးကြီးလှသည်။ ကိုင်မိ၊ ထိမိပါက အန္တရာယ်ကြီးသောကြောင့်ဖြစ်သည်။

**ငါးပူတင်းကြောင့်ဖြစ်ရသည့် PFP အဆိပ်သင့်မှု**

ငါးပူတင်းသည် နှေးကွေးစွာသွားလာတတ်သောကြောင့် အခြားသောငါးများ၊ အသားစားတိရစ္ဆာန်များ အစားမခံရစေရန် အကာအကွယ်လက်နက်များ ပါဝင်သည်။ ပထမတစ်ခုမှာ ငါးပူတင်းတွင်ရှိသော အစာအိမ်သည် Extremely Elastic ဖြစ်၍ ရန်သူများရောက်လာသောအခါ ရေများကို မျိုချလိုက်ပြီး အစာအိမ်ကိုဖြည့်လိုက်ကာ ရုတ်တရက် ဖောင်းကားသွားသည်။ တစ်ကိုယ်လုံး ဖောင်းတင်းသွားသောအခါ ရန်သူမှာ တိုက်ခိုက်ရခက်သွားသည့်အပြင် ကိုယ်ပေါ်တွင် ဆူးချွန်သေးသေးလေးများလည်းပါသဖြင့် ရန်သူအနားမကပ်ရအောင် စွမ်းဆောင်နိုင်သည်။ ထိုသို့လုပ်နိုင်သည့်အပြင် ငါးပူတင်းတွင် ငါးပူတင်း စားသုံးမှုကြောင့်ဖြစ်သည့် အဆိပ်သင့်မှု (Puffer Fish Poisoning-PFP) အဆိပ်သင့်မှုတစ်မျိုးလည်းရှိပါသေးသည်။ Tetraodontidae Family အုပ်စုပါ ငါးပူတင်းများမှ Tetrodotoxin (TTX) အဆိပ်ကိုထုတ်သဖြင့် စားသုံးမိသူများအတွက် ထိခိုက်မှုအန္တရာယ်ကြီးမားသည်။

ပင်လယ်ရေငန်တွင်သာ ရှင်သန်ပွားများနိုင်သည့် ဗက်တီးရီးယားတစ်မျိုးဖြစ်သည့် Marine Vibrios များသည် အဆိပ်တစ်မျိုးကိုထုတ်ပေးသည်။ အဆိုပါ ဗက်တီးရီးယားများသည် ပင်လယ်ရေထဲတွင်ရှိနေပြီး ၎င်းတို့ကို ငါးပူတင်းများစားသုံးမှုကြောင့် ကြာလာသည်နှင့်အမျှ အဆိပ်များသည် ငါးပူတင်းများတွင် စုပုံများပြားလာသည်။ ၎င်းအဆိပ်များကို ငါးပူတင်းများက ယဉ်ပါးနေသည့်အတွက် ၎င်းတို့သည် ဘာမှမဖြစ်ကြဘဲ အဆိပ်ပါသော ဗက်တီးရီးယားများနှင့် ငါးပူတင်းသည် အတူယှဉ်တွဲနေထိုင်တတ်လာသည်။ ထိုအချက်ကြောင့် ဂျပန်နိုင်ငံရှိ အချို့နေရာများတွင် ငါးပူတင်းကို သီးသန့်မွေးမြူပြီး အဆိပ်ပါသော ဗက်တီးရီးယားမပါအောင် သီးခြားအစာများကျွေး၍ မွေးမြူကြည့်သောအခါ အဆိပ်ကင်းမဲ့လာသည်ကို တွေ့ရသည်။

TTX အဆိပ်ကို ငါးပူတင်း၏အသည်း၊ သားဥအိမ်များတွင် အများဆုံးရှိပြီး အူနှင့်အရေခွံပေါ်တွင်လည်းရှိသည်။ TTX အဆိပ်သည် အလွန်အဆိပ်ပြင်းပြီး လူသားများအတွက် Cyanide အဆိပ်ထက်



အဆ ၁၀၀၀ ကျော်ပိုပြင်းသည်။ အရွယ်ရောက်ပြီး ငါးပူတင်းတစ်ကောင်တွင်ပါသော အဆိပ်သည် လူကြီးဦးရေ ၃၀ ကို သေစေနိုင်သည်ထိ လုံလောက်သည်။ ယခုအချိန်ထိ ငါးပူတင်းအဆိပ် TTX အတွက် ဖြေဆေးမရှိသေး၍ အဆိပ်မိပါက အသက်ဆုံးရှုံးကြရသည်။ ငါးပူတင်းမျိုးစိတ်တိုင်းတွင် အဆိပ်ရှိ၊ မရှိ မတူကြသကဲ့သို့ အဆိပ်ပြင်းအားလည်း မတူကြပေ။

**အဆိပ်ပါဝင်မှုပြင်းအား သတ်မှတ်ချက်**

TTX အဆိပ်၏ လူကိုသေစေနိုင်သည့် ပြင်းအားပါဝင်မှုအားမှာ 1-4 PPM(mg/kg) ဖြစ်သည်။ စားသုံးမိသူများအပေါ် အဆိပ်သက်ရောက်မှုပြင်းထန်ပြီး လူကိုသေစေလောက်သည်ထိ အန္တရာယ်ပေးနိုင်သည်။ ငါးပူတင်းကို ကိုင်တွယ်ထိမိခြင်းဖြင့်လည်း အဆိပ်သင့်စေနိုင်သည်။ စားသုံးမိသူ ၆၀ ရာခိုင်နှုန်း အထက် သေဆုံးမှုရှိကြောင်း အထောက်အထားများအရ သိရှိရသည်။ TTX အဆိပ်သည် နှလုံးခုန်နှုန်းကို နှေးစေပြီး တစ်မိနစ်တွင် အကြိမ်အနည်းငယ်သာ ခုန်တော့သဖြင့် သေသွားသကဲ့သို့ဖြစ်သွားသည်။ ဆေးပညာရပ်များတွင် TTX အဆိပ်ကိုတုပကာ အကိုက်အခဲပျောက်ရန်၊ နာကျင်မှုကိုကုသရန်နှင့် မေ့ဆေးထုံဆေးအတွက် အသုံးပြုရန်လေ့လာနေဆဲဖြစ်သည်။

**ဂျပန်နိုင်ငံနှင့်၎င်း၏ရိုးရာ ဖုဂူဆူရှီ**

ဂျပန်နိုင်ငံသားများသည် ငါးပူတင်းကို ၎င်းတို့၏ ဂျပန်ရိုးရာစားသောက်ဖွယ်ရာ ဆူရှီပြုလုပ်သည့်ငါး တစ်ခုအဖြစ် တန်ဖိုးထား၍ စားသောက်ကြသည်။ စားကောင်းသောက်ဖွယ်ရသာမွန် စားသောက်ဖွယ်ရာ အဖြစ် ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် မည်သည့်ငါးနှင့်မျှမတူသော အရသာကိုခံစား၍ စားသောက်ကြသည်။ သို့ရာတွင် စားဖိုမှူးတိုင်း ငါးပူတင်းကို ကိုင်တွယ်လုပ်ကိုင်ခွင့်မရှိပေ။ ငါးပူတင်းခန္ဓာကိုယ်မှ အဆိပ်ရှိသည့်အစိတ်အပိုင်းများ (ဥပမာ-အသည်း၊ သားဥအိမ် စသည်) ဖယ်ထုတ်ခြင်းကို သေချာစွာလေ့လာသင်ယူသင်တန်းတက်၍ Certificate ရယူထားသည့် ကျွမ်းကျင်စားဖိုမှူးအနည်းငယ်သာ ကိုင်တွယ်ဆောင်ရွက်ခွင့်ရှိသည်။ စားသုံးသူများ မစားသုံးမီလည်း စားဖိုမှူးက ဦးစွာစားသုံးရပြီး ဘေးကင်းသည့် စားသောက်ဖွယ်ရာအဖြစ်သေချာမှ စားသုံးသူများကို စားသုံးစေသည်။

**ဂျပန်လူမျိုးများ အလွန်ကြိုက်သည့် ဖုဂူငါး**

ဂျပန်လို ဖုဂူငါးဟုခေါ်ဆိုကြသော ငါးပူတင်းကို ဂျပန်လူမျိုးများ အလွန်ကြိုက်နှစ်သက်ကြသည့်အပြင် ငါးပူတင်းသည် ဈေးလည်းအလွန်ကြီးပြီး ဂျပန်နိုင်ငံတွင် လူလတ်တန်းစားများ စားလေ့ မရှိဟုဆိုသည်။ ဖုဂူငါးအရှင်တစ်ကောင်ကို ယူရီ ၁၀၀ ကျော် ထိပေးရတတ်သည်။ ဂျပန်နိုင်ငံတွင် ဖုဂူငါးကို ထိပ်တန်းစားဖွယ်ဟင်းလျာအနေဖြင့် သတ်မှတ်ထားသည်။

**ငါးပူတင်းအဆိပ်ဖြစ်ပေါ်မှုအပေါ် အသိပညာပေးခြင်း**

ငါးပူတင်းသည် ဖမ်းဆီးရာတွင် အဓိက Target ထားသည့် ငါးမျိုးစိတ်မဟုတ်ဘဲ Bycatch အဖြစ် ရောနှောပါလာသည့်ငါးဖြစ်သည်။ ဖမ်းမိသည့်အရေအတွက်လည်း နည်းပါးသည်။ ဖမ်းဆီးပြီးနောက်ပိုင်း အပူချိန်နှင့် အခြားပြုပြင်ထုတ်လုပ်သည့်နည်းလမ်းများသည် အဆိပ်ကိုမဖယ်ထုတ်နိုင်ပေ။ ထို့ပြင် ချက်ပြုတ်ခြင်းဖြင့်လည်း အဆိပ်များကိုမဖယ်ထုတ်နိုင်ပေ။ စားသုံးမိမှသာ အဆိပ်သင့်မှုဖြစ်ပေါ်စေခြင်းဖြစ်သည်။ ငါးပူတင်းစားသုံးသူမှာ လွန်စွာနည်းပါး၍ ဒေသခံရေလုပ်သားများသာ စားသုံးလေ့ရှိကြသည်။ အကောင်းဆုံးနည်းလမ်းမှာ ဒေသခံရေလုပ်သားများမှအစပြု၍ စားသုံးသူများအားလုံးထိ ငါးပူတင်း၏ အဆိပ်သင့်နိုင်မှု၊ အဆိပ်အတောက်များကို စနစ်တကျ ဖယ်ရှားခြင်းမပြုပါက အဆိပ်သင့်နိုင်မှု ပြင်းထန်စွာဖြစ်ပေါ်၍ စားသုံးမိသူသေဆုံးနိုင်ကြောင်း အသိပညာပေးခြင်း၊ ဆိုင်းဘုတ်ကြော်ငြာဗီနိုင်းများ ထောင်၍ အသိပေးခြင်းတို့ကို ဆောင်ရွက်ရန် လိုမည်ဖြစ်သည်။

**အသက်နှင့်ရင်းပြီး စားရသော ငါးပူတင်း**

နှစ်စဉ် ငါးပူတင်းစားမိပြီး သေဆုံးသူများ ကမ္ဘာတစ်ဝန်းတွင်လည်းရှိကြသည်။ ငါးပူတင်း၏သည်းခြေတွင်ပါသည့် Tetrodotoxin ဓာတ်ပစ္စည်းမှာ Cya-nide ထက် အဆ ၁၀၀၀ ကျော် ပိုပြင်းကြောင်း ကျွမ်းကျင်သူများက ဆိုကြသည်။ ငါးပူတင်းစားပြီးနောက် မိနစ် ၃၀ အတွင်း အော့အန်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းများ စဖြစ်ပြီဆိုပါက ဤအဆင့်မှာပင် ကုသမှုကို အမြန်ဆုံးခံယူရပါမည်။ ကျောက်မီးသွေးမှုန့်ကို ရေဖျော်သောက်ခြင်း၊ အစာအိမ်ကိုဆေးကြောခြင်းများသည် ပုံမှန်ကုထုံးတစ်ခုဖြစ်သည်။ ကိုယ်ထဲရောက်နှင့်ပြီးသောအဆိပ်ကို ဖြေလျှော့ရန် အဆိပ်ဖြေဆေးမရှိသေးကြောင်း သိရသည်။ ထို့ကြောင့် ငါးပူတင်း အလွန်ကြိုက်သူများမှာ ငါးပူတင်းကို ဝယ်သောအခါတွင် တစ်ခါတည်းဗိုက်ခွဲ၍ သည်းခြေထုတ်ခိုင်းကြသည်။

ငါးပူတင်းတစ်ကောင်တွင် ဆူးတောင်၊ ရေယက်၊ မျက်လုံး၊ နှုတ်သီး၊ အရေပြား၊ အသည်းနှင့် ကလီစာများမှာ အဆိပ် ၈၀ ရာခိုင်နှုန်းပါရှိကြပြီး ကျန်သည့် ၂၀ ရာခိုင်နှုန်းမှာ သွေးထဲတွင်ပါဝင်နေခြင်းဖြစ်သည်။ ထိုအစိတ်အပိုင်းများ အကုန်ဖယ်ထုတ်ပြီးပါက ကျန်သည့်အစိတ်အပိုင်းများကို ရေပန်းထဲတွင် ပြောင်စင်နေစေရန် ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် ဆေးကြော၍ သွေးစ၊ သွေးနများ အကုန်ပြောင်သွားပြီဆိုမှသာ ချက်ပြုတ်ကြရသည်။

**အလွန်အဆိပ်ပြင်းသော ငါးပူတင်း**

ငါးပူတင်းအဆိပ်သည် ယနေ့ထက်တိုင်အောင် ဖြေဆေးမရှိသေးပေ။ ငါးပူတင်းအဆိပ်မိသူသည် ချက်ချင်းဆိုသလို ခန္ဓာကိုယ်ထဲမှ ကလီစာများ အလုပ်မလုပ်တော့ဘဲ မျက်စိသူငယ်အိမ်မှအစ မလှုပ်ရှားတော့ပေ။ ကျွမ်းကျင်သောဆရာဝန်များပင် လူသေနှင့် ငါးပူတင်းအဆိပ်မိသူကို မခွဲခြားနိုင်ကြဟု သိရသည်။ ငါးပူတင်း အဆိပ်သင့်ခံရသူသည် လူသေတစ်ဦးကဲ့သို့ဖြစ်သွားသော်လည်း ၎င်း၏ ဘေးပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသောအကြောင်းအရာများ၊ စကားသံများကို အကုန်ကြားသိနေတတ်သည်။ ငါးပူတင်း အဆိပ်သင့်သောသူကို လူသေကဲ့သို့ သတ်မှတ်ထားချိန်တွင် ကံကောင်းထောက်မစွာနှင့် အချိန်မီပြန်နိုးထလာတတ်သော သာဓကများရှိခဲ့ဖူးပါသော်လည်း အင်မတန်မှ ဖြစ်ခေါင့်ဖြစ်ခဲဖြစ်သည်။ ထို့ကြောင့် နောက်ပိုင်းတွင် မိသားစုဝင်များသည် ငါးပူတင်းအဆိပ်သင့်သူကို ထုံးစံအတိုင်း အသုဘချလေ့မရှိဘဲ ရက်အတန်ကြာ စောင့်ကြည့်ပြီးမှ အသုဘချလေ့ရှိတတ်သည်။

**ငါးပူတင်း၏ အရသာ**

လူအများစုမှာ ငါးပူတင်းကိုစားဖူးသူ အလွန်နည်းပါးသည်။ သည်းခြေကိုကြောက်၍ မစားကြပေ။ စားဖူးသူအနည်းစုသည်သာ ငါးပူတင်းကိုခံတွင်းတွေ့သောကြောင့် မရမက ကြိုးစားရှာဝယ်လေ့ရှိကြသည်။ အကြောင်းမှာ ငါးပူတင်း၏ အလွန်နူးညံ့လှသော အသားက အရသာ လေးလေးပင်ပင်ရှိနေခြင်းသည် တခြားမည်သည့်ငါး၊ အသားတွင်မှ မရနိုင်သောကြောင့်ဖြစ်သည်။ ထိုသို့သာမက ငါးပူတင်းသည် ပင်လယ်ငါးတစ်မျိုးဖြစ်သောကြောင့် ပင်လယ်ငါးများမှာ ရေချိုငါးထက် Omega ပိုများသည့်အတွက် ပို၍ကျန်းမာအသက်ရှည်စေသည်ဟုဆိုကြသည်။ ငါးပူတင်းတွင် အလွန်ထူးခြားသောအရသာရှိသည်ဟု စားဖူးသူများက ဆိုကြသည်။ တချို့မှာ ငါးပူတင်းစားလျှင် ပါးစပ်ထဲ ထုံကျင်သောအရသာကို ခံမင်လွန်းသောကြောင့် လူကိုဥပဒ်မဖြစ်စေလောက်သည့် ငါးပူတင်းအဆိပ် ပမာဏအနည်းငယ်ကို တမင်တကာ အပြီးအပြတ် မသန့်စင်စေဘဲ စားတတ်ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ငါးပူတင်းသည် အဆိပ်ပြင်းသော်လည်း ၎င်း၏ထူးခြားသောအရသာကြောင့် ဈေးကြီးပေး၍ ဝယ်ယူစားသုံးသူများရှိကြသည်။ ငါးပူတင်းသည် ကောင်းကျိုး၊ ဆိုးကျိုးများ ဒွန်တွဲနေသော ငါးမျိုးစိတ်တစ်မျိုးဖြစ်သောကြောင့် ချင့်ချိန်စားသုံးသင့်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)
(၂) ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၂)
(၃) Fish Base of Myanmar
(၄) Inland Fisheries of Myanmar

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## သူငယ်ချင်းကောင်း

သားသားမီးမီးတို့ရေ မင်္ဂလာပါကွယ်။

ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးက သူငယ်ချင်းကောင်းဆိုတဲ့ပုံပြင်လေးပေါ့ ။ကဲ. . . နားထောင်ကြည့်ရအောင်နော်။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ တောအုပ်တစ်ခုမှာ ဆင်ကြီးရယ်၊ မြွေခွေးရယ်၊ ကြွက်ကလေးရယ်ရှိသတဲ့။ သူတို့သုံးယောက်ဟာ အလွန်ခင်ကြတဲ့သူငယ်ချင်းတွေပဲပေါ့။

တစ်နေ့မှာတော့ အစာရှာထွက်ရင်းနဲ့ ဆင်ကြီးက ဒီလိုပြောသတဲ့။

"ငါတို့သုံးယောက်ထဲမှာ ငါ့လိုအင်အားကြီးတဲ့သူပါနေလို့ တခြားသတ္တဝါတွေကလာပြီး ရန်မမူရဲကြတာကွ" လို့ ကြွားလုံးထုတ်လိုက်သတဲ့လေ။ ဆင်ကြီးစကားကိုကြားတဲ့အခါ မြွေခွေးကလဲ အားကျမခံ ဒီလိုပြောပြန်သတဲ့ကွယ်။

"ဟုတ်ပါရဲ့. . . အဆွေဆင်ကြီးက အတော့်ကို အားကိုးလောက်ပါပေတယ်။ ဒါပေမဲ့ ကျုပ်ကိုလဲ အထင်မသေးပါနဲ့ဗျ။ အဝေးမှာရှိနေတဲ့ရန်သူကို အနံ့ခံနိုင်တဲ့အတွက် ကျရောက်လာနိုင်တဲ့အသက်အန္တရာယ်ကိုကြိုတင်ကာကွယ်ပေးနိုင်ပါတယ် ။ ခင်ဗျားတို့ထက် ကျုပ်ကပိုပြီး အနံ့ခံနိုင်အားကောင်းသကိုးဗျ ဟဲဟဲ" အဲဒီလိုနဲ့မြွေခွေးကလဲ ဟန်တစ်လုံးပန်တစ်လုံးပြောပြီး ကြွားလိုက်ပြန်ပါလေရော့။

ဆင်ကြီးနဲ့မြွေခွေးတို့ အပြန်အလှန်ကိုယ်ရည်သွေးနေကြတဲ့စကားကို ဆင်ကြီးရဲ့အပေါ်ကလိုက်ပါနေတဲ့ကြွက်ကလေးက အားငယ်စွာနဲ့ပဲ နားထောင်နေရသတဲ့ကွယ်။ သူကပြန်ကြွားစရာ ဘာစွမ်းရည်မှမရှိဘူးဆိုပြီး အားငယ်နေရှာတော့တာပေါ့။

ဒီလိုနဲ့ ကြွက်ကလေးဟာ တစ်လမ်းလုံးမှိုင်တွေနေသတဲ့။ ဘာစကားမှမပြောသလို အစားလဲကောင်းကောင်းမစားနိုင်ရှာဘူးတဲ့ကွယ်။ အဲဒီလိုကြွက်ကလေးဝမ်းနည်းနေတဲ့အကြောင်းရင်းကို ဆင်ကြီးနဲ့မြွေခွေးက ရိပ်မိသွားကြတဲ့အခါ စိတ်မကောင်းဖြစ်သွားကြတာပေါ့။

သူတို့အချင်းချင်း ကြွားလုံးထုတ်လိုက်တဲ့စကားကြောင့် ကြွက်ကလေးငေးမှိုင်သွားရတယ်ဆိုတော့ သူတို့လဲ စိတ်မကောင်းဖြစ်ကြတာပေါ့။ အမြဲတမ်းအတူတူသွားလာစားသောက်ပြီး ပျော်ပျော်ရွှင်ရွှင်နေလာတဲ့သူငယ်ချင်းတွေမို့ ကြွက်ကလေးငေးမှိုင်နေတာကို မကြည့်ရက်နိုင်ဘူးတဲ့ကွယ်။ ဒါကြောင့် သူတို့



က ကြွက်ကလေးကို ပြန်ချော့မော့ပြီး နှစ်သိမ့်စကားပြောကြသတဲ့။

"ဘာကိုများဝမ်းနည်းနေတာလဲ ကြွက်ကလေးရယ်။ ငါတို့က သူငယ်ချင်းတွေပဲလေ။ ဘယ်သူကအရေးပါတယ်၊ ဘယ်သူကအရေးမပါဘူးဆိုပြီး ခွဲခြားနေဖို့မလိုပါဘူး"လို့ ဆင်ကြီးကပြောရှာသတဲ့။ အဲဒီနောက်မှာ မြွေခွေးကလဲ-

"ဟုတ်တယ် သူငယ်ချင်းကြွက်ကလေး ငါတို့က ဘယ်လိုအခြေအနေမှာ ဘာတွေပဲဖြစ်နေနေ အတူတူရင်ဆိုင်ကျော်ဖြတ်ကြမဲ့သူငယ်ချင်းတွေပဲလေ ဘာမှအားငယ်နေစရာမရှိဘူး။ စိတ်မကောင်း မဖြစ်ပါနဲ့ကွာ။ သတ္တဝါတိုင်းမှာ အရည်အချင်းကိုယ်စီနဲ့ပါကွ" ဆိုပြီး နှစ်သိမ့်ပေးပြန်သတဲ့ကွယ်။

ဒီလိုနဲ့ နောက်တစ်နေ့နံနက် အစာရှာထွက်ကြတဲ့အခါ ထုံးစံအတိုင်းပဲ သူငယ်ချင်းသုံးယောက်ဟာ စကားစမြည်ပြောရင်း ပျော်ပျော်ရွှင်ရွှင်လျှောက်သွားကြသတဲ့။ လမ်းခရီးရဲ့ထောင့်ချိုးတစ်ခုအရောက်မှာ ချုံနွယ်တွေပိတ်ပေါင်းထူထပ်တွယ်ကပ်နေတဲ့အပင်ကြီးအောက်ကိုရောက်သွားကြပါတယ်။ ရှုပ်ထွေးနေတဲ့နွယ်ပင်တွေကြားထဲမှာပဲ ဆင်ကြီးက သစ်ငုတ်တိုတစ်ခုကို ခလုတ်တိုက်မိပါလေရော့ကွယ်။ အဲဒီသစ်ငုတ်တိုက မုဆိုးကြီးတစ်ယောက်စီစဉ်ထားတဲ့ ထောင်ချောက်ဖြစ်နေတော့တာပေါ့။

ဆင်ကြီးရဲ့ခြေထောက်ဟာ သစ်ငုတ်တိုကို တိုက်မိလိုက်တဲ့အခါ ချက်ချင်းပဲ အပင်ကြီးပေါ်ကနေ ပိုက်ကွန်ကြီးတစ်ခုပြုတ်ကျလာပြီး သူတို့သုံးယောက်စလုံး ချုပ်နှောင်မိပြီးသားဖြစ်သွားသတဲ့ကွယ်။

ရှုပ်ထွေးလှတဲ့ပိုက်ကွန်တွေကြားထဲမှာ ရုန်းထွက်ရခက်နေကြတာပေါ့။ အော်ဟစ်အကူအညီတောင်းကြပေမဲ့လဲ တောနက်ကြီးထဲမှာ သူတို့ကိုလာကယ်တဲ့သူမရှိဘူးတဲ့ကွယ်။ အဲဒီအချိန်မှာ ဆင်ကြီးရဲ့ကျောပေါ်ကလိုက်လာတဲ့ကြွက်ကလေးက ပိုက်ကွန်တွေကိုအစွမ်းကုန်ကိုက်ဖြတ်နေသတဲ့။ မာကျောလွန်းတဲ့ပိုက်ကွန်ကကြိုးတွေကို တစ်နေကုန် မနားမနေကြိုးစားကိုက်ဖြတ်နေသတဲ့ကွယ်။ ဆင်ကြီးက အားကုန်ရုန်းလေ ပိုက်ကွန်ထဲပိုပြီးပိတ်မိလေဖြစ်နေတော့ ဆင်ကြီးနဲ့မြွေခွေးဟာ ဆက်ပြီးမလှုပ်ရဲတော့ဘဲ လက်လျှော့နေရတော့သတဲ့ကွယ်။ အဲဒီအချိန်မှာ သူတို့သုံးယောက်ရဲ့အသက်ဟာ ကြွက်ကလေးရဲ့ကြိုးစားမှုအပေါ်မှာပဲမူတည်နေတော့တာပေါ့။ ကြွက်ကလေးပိုက်ကွန်တွေကိုကိုက်ဖြတ်လို့မပြီးခင်မှာ မုဆိုးကြီးရောက်လာခဲ့ရင် သူတို့တော့ သေပွဲဝင်ရတော့မှာပဲလို့တွေးပြီး ကြောက်လန့်နေကြတော့တာပေါ့ကွယ်။ ဒါကြောင့်လဲ ကြွက်ကလေးကို အားကိုးတကြီးနဲ့ မြန်မြန်ကိုက်ဖြတ်ပြီး ရုန်းထွက်နိုင်ဖို့ မျှော်လင့်နေကြတာပေါ့။ သူတို့က ကြွက်ကလေးကို အားကိုးတကြီးရှိနေတော့ ကြွက်ကလေးကလဲ ပိုပြီးစိတ်အားထက်သန်စွာနဲ့ ကြိုးစားကိုက်ဖြတ်တော့တာပေါ့ကွယ်။ သူ့ကိုယ်သူ သေးငယ်တဲ့ခန္ဓာကိုယ်လေးနဲ့ ဘာအစွမ်းအစမှမရှိဘူးဆိုပြီး အားငယ်နေတဲ့ကြွက်ကလေးဟာ အခုအချိန်မှာတော့ သူ့အစွမ်းအစနဲ့အရည်အချင်းကို ထုတ်ပြခွင့်ရပြီဆိုပြီး ကြိုးစားနေရှာသတဲ့ကွယ်။ ကြွက်ကလေးက ပိုက်ကွန်ကိုကိုက်ဖြတ်ရလွန်းလို့ သွားတွေကျွတ်ကျလုနီးပါးနာကျင်နေတာတောင် ဇွဲမလျှော့ခဲ့ဘူးတဲ့ကွယ်။ ကြွက်ကလေးရဲ့ မနားမနေကြိုးစားမှုကြောင့်ပဲ နောက်ဆုံးမှာတော့ ထောင်ချောက်ကနေ သုံးယောက်စလုံးလွတ်လာကြလေသတဲ့။

ကဲ သားသားမီးမီးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ဒီပုံပြင်ထဲက သူငယ်ချင်းသုံးယောက်ကို အတုယူပြီး သားသားမီးမီးတို့လဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေကြရမယ်နော်။ မိတ်ဆွေအချင်းချင်း ခွဲခြားဆက်ဆံမှုတွေမရှိဘဲ တစ်ယောက်ကိုတစ်ယောက် ဖေးဖေးမမနဲ့ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းတွေအဖြစ်နေသွားကြပြီး လောကကောင်းကျိုးကို သယ်ပိုးနိုင်ကြပါစေကွယ်။

**မယ်မင်းခ(စေရာ)**

## ရွှေဇီးကွက်

◆ ဇီးကွက် ဇီးကွက် အစာရှာ
ညညထွက်လို့လာ၊
သစ်ခေါင်းထက်မှာ ဟိုဒီကူး
မျက်လုံးခပ်ပြူးပြူး ။

◆ အာရုံစူးရှအမြင်ကြည်
ပညာရှိပါသည်၊
လာဘ်ခေါ်ကောင်မည် ထူးတဲ့ငှက်
ရွှေဇီးကွက် ရွှေဇီးကွက် ။ ။

**သာလွန်(နတ်မောက်)**



## တန်ဖိုးရှိပါစေ

◆ နေ့စဉ်စာကြည့် အချိန်မှန်
မှတ်သားကြစေရန် ၊

◆ သိပညာဉာဏ် တိုးတက်ဖို့
စာအုပ်ဖတ်ကြစို့ ၊

◆ ဖုန်းဂိမ်းသုံးလို့ မျက်စိမှာ
ထိခိုက်ပျက်စီးရာ ၊

◆ အကျိုးရှိစွာ ပညာရေး
သင်ယူကြစို့လေး ၊

◆ ဘဝတွက်တွေး ရှောင်ကြဉ်ဖွယ်
စည်းကမ်းရှိရမယ် ၊

◆ ထူးချွန်ဖို့ရယ် မြကြီးစား
တန်ဖိုးရှိစေသား ။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**



## အင်္ဂလန်နိုင်ငံ ဖလင့်ရှိုင်းယားနှင့် ရက်ဇ်ဟမ်ဒေသတို့တွင် ဒီးမြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား



**လန်ဒန် ဖေဖော်ဝါရီ ၁၀**

အင်္ဂလန်နိုင်ငံ ဖလင့်ရှိုင်းယားနှင့် ရက်ဇ်ဟမ်ဒေသတို့တွင် ဒီးမြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒီးမြစ်ဝှမ်းတွင် ဖေဖော်ဝါရီ ၉ ရက်က မြစ်ရေလျှံတက်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိကာလတွင်လည်း မိုးရွာသွန်းနေဆဲဖြစ်သောကြောင့် ရေဘေးအန္တရာယ်မှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

“ပြီးခဲ့တဲ့ရက်ပိုင်းက ဆီးနှင်းထူထပ်စွာကျဆင်းခဲ့ပါတယ်။ ဆီးနှင်းကျဆင်းပြီး ရက်ပိုင်းအတွင်း မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် ဒီးမြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်ခဲ့တယ်။ မိုးရွာသွန်းမှုကြောင့် ဆီးနှင်းတွေအရည်ပျော်ကျပြီး အချိန်တိုအတွင်း ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားသွားခဲ့တာဖြစ်ပါတယ်။ မိုးရွာသွန်းနေဆဲ ဖြစ်တဲ့အတွက် လာမဲ့ရက်ပိုင်းအတွင်းမှာ ရေကြီးရေလျှံမှုအခြေအနေက ပိုမိုဆိုးရွားလာနိုင်ပါတယ်”ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖလင့်ရှိုင်းယားဒေသနှင့် ရက်ဇ်ဟမ်ဒေသတို့ကို ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး ၎င်းဒေသများရှိ လမ်းများကိုလည်း ယာယီပိတ်ထားကြောင်း၊ ယနေ့ အစောပိုင်းမှစ၍ ၂၄ နာရီအတွင်း ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး မိုးရွာသွန်းမှုအပေါ် မူတည်၍ ရေဘေးအန္တရာယ်သတိပေးအဆင့်ကို မြင့်ဆင်သတ်မှတ်သွားမည်ဖြစ်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## အိုက်စလန်နိုင်ငံ ရေးကင်နိစ်ကျွန်းတွင် မီးတောင်ပေါက်ကွဲမှု တည်ငြိမ်သွားပြီဖြစ်သော်လည်း အရေးပေါ်အခြေအနေ သတ်မှတ်ထားဆဲဖြစ်

**ရေကျာဗစ်ခ် ဖေဖော်ဝါရီ ၁၀**

အိုက်စလန်နိုင်ငံ ရေးကင်နိစ်ကျွန်းတွင် ဖေဖော်ဝါရီ ၈ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော မီးတောင်သည် ယနေ့တွင် အခြေအနေပြန်လည်တည်ငြိမ်သွားပြီဖြစ်သော်လည်း မီးတောင်အန္တရာယ် အရေးပေါ် အခြေအနေအဖြစ်သတ်မှတ်ထားဆဲဖြစ်ကြောင်း အိုက်စလန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့်ချော်ရည်များကြောင့် လမ်းမကြီးများ ပျက်စီးခဲ့သကဲ့သို့ ရေပေးဝေမှုစနစ်အတွက် သွယ်တန်းထားသော ရေပိုက်လိုင်းများ ပျက်စီးခဲ့ကြောင်း၊ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးခဲ့ရကြောင်း၊ မီးတောင်ပေါက်ကွဲမှုသည် ဖေဖော်ဝါရီ ၉ ရက်ညပိုင်းမှစ၍ အခြေအနေတည်ငြိမ်လာခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် မီးတောင်အတွင်းမှ ချော်ရည်စီးကျမှုမရှိတော့ကြောင်း သိရသည်။

“မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်တွေစီးကျပြီး အဝေးပြေးလမ်းမကြီးတချို့ ပျက်စီးခဲ့ပါတယ်။ မီးတောင်အနီးပတ်ဝန်းကျင်က ဒေသခံတွေလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ မီးတောင်ပေါက်ကွဲမှု အခြေအနေကတော့ တည်ငြိမ်သွားပြီဖြစ်ပါတယ်။ မီးတောင်အတွင်းကနေ ချော်ရည်စီးကျတာမျိုးမရှိတော့ဘူး။ အဝေးပြေးလမ်းမပေါ် ရောက်နေတဲ့ ချော်ရည်တွေလဲ ပြင်ပအအေးဓာတ်ကြောင့် ခဲသွားပြီ။ စိတ်ချရတဲ့အခြေအနေ ရောက်နေပါပြီ။ ဒါပေမဲ့ အချိန်ကာလတစ်ခုထိ စောင့်ကြည့်သွားဖို့ လိုတဲ့အတွက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားဆဲဖြစ်ပါတယ်”ဟု အိုက်စလန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကို သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားဆဲဖြစ်သည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းထားသော ဒေသခံများကို နေရပ်သို့ ပြန်ခွင့်မပြုသေးသကဲ့သို့ မီးတောင်အနီးသို့လည်း ဖြတ်သန်းသွားလာခွင့် မပြုသေးကြောင်း အိုက်စလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ဖြစ်ပေါ်လျက်ရှိသော မိုးခေါင်ရေရှားမှုနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ပြည်နယ်ဝန်ကြီးချုပ်ပြောကြား

**အော့တာဝါ ဖေဖော်ဝါရီ ၁၀**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် အရှေ့မြောက်ပိုင်း၌ ဆက်လက် ဖြစ်ပေါ်လျက်ရှိသော မိုးခေါင်ရေရှားမှု အခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်အီဗေက ပြောကြားခဲ့သည်ဟု ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်ရေ၊ မြေယာနှင့် သယံဇာတကြီးကြပ်ကွပ်ကဲမှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ဖေဖော်ဝါရီလအစောပိုင်းမှစတင်၍ ပြည်နယ်တစ်ဝန်းလုံး၌ ဆီးနှင်းကျဆင်းမှုလျော့နည်းခဲ့ပြီး ယခင်နှစ် ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ၃၉ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ရာ မိုးခေါင်ရေရှားမည့် အခြေအနေများဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

“ကျွန်တော့်တစ်သက် တစ်ခါမှ မမြင်ဖူးတဲ့ မိုးခေါင်ရေရှားမှုအခြေအနေကို ဗြိတိသျှကိုလံဘီယာပြည်နယ်အရှေ့မြောက်ပိုင်းမှာ တွေ့မြင်နေရပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်အီဗေက ပြောကြားခဲ့သည်။

ရေဝေရေလဲစောင့်ကြည့်ရေး အဖွဲ့အစည်းမှ အမှုဆောင်ဒါရိုက်တာ အယ်ရွန်ဟေးကလည်း အစိုးရအနေဖြင့် မိုးခေါင်ရေရှားမှုကာကွယ်ရေးအစီအစဉ်များရေးဆွဲရန်၊ ရေအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေးမြှင့်တင်ရန်နှင့် ရေသုံးစွဲမှုများကိုထိန်းသိမ်းရန် တိုက်တွန်းထားကြောင်း သိရသည်။



ဆီးနှင်းကျဆင်းမှု လျော့နည်းခြင်းကြောင့် ဆီးနှင်းထုများအရည်ပျော်မှုကို ထိန်းသိမ်းခြင်းဖြင့် မိုးခေါင်ရေရှားမှုကို ကာကွယ်နိုင်ပြီး ဆီးနှင်းထုများ ကြာရှည်ခံအောင်သစ်တောမြေများကို ထိန်းသိမ်းခြင်း၊ တောမီးလောင်ကျွမ်းမှုနှင့် တရားမဝင်သစ်ခုတ်မှုများကို ထိန်းသိမ်းခြင်းဖြင့် နှင်းထုများအရည်ပျော်ကျမည့် အန္တရာယ်မှ ကာကွယ်ရန် လိုအပ်လျက်ရှိရာ အဆိုပါအခြေအနေများကို မကာကွယ်နိုင်ပါက ဆီးနှင်းထုများအရည်ပျော်ကျကာ ပတ်ဝန်းကျင်ခြောက်သွေ့ပြီး မိုးခေါင်ရေရှားမည့် အခြေအနေဖြင့် ကြုံတွေ့ရနိုင်ကြောင်း အယ်ရွန်ဟေးက ဆက်လက်ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

## ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်း၌ မြေပြိုမှုဖြစ်ပွားပြီး လေးရက်အကြာတွင် သုံးနှစ်အရွယ်မိန်းကလေးတစ်ဦးကို ကယ်တင်နိုင်ခဲ့

**မနီလာ ဖေဖော်ဝါရီ ၁၀**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတောင်ပိုင်း၌ ဖေဖော်ဝါရီ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး ဦးရေ ၁၁၀ ခန့် ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရာ လေးရက်အကြာ ဖေဖော်ဝါရီ ၉ ရက်တွင် သုံးနှစ်အရွယ်မိန်းကလေးတစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင် ကြက်ခြေနီအသင်းက သတင်းထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ထိုသို့ ကယ်တင်နိုင်ခဲ့သော မိန်းကလေးငယ်ကို ဒါဗီရိုဒီအိုရိုပြည်နယ် မာဝက်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင် ကြက်ခြေနီအသင်းဥက္ကဋ္ဌဒစ်ခ်ဂေါ်ဒွန်က အဆိုပါကယ်တင်နိုင်မှုနှင့်ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးသမားများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

မြေပြိုမှုသည် ဖေဖော်ဝါရီ ၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၃၀ ခန့်က ဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုကြောင့် မိသားစုပေါင်း ၁၁၆၆ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး လူအမြောက်အမြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသများတွင် ဇန်နဝါရီ ၂၈ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိရာ မင်ဒါနာအိုကျွန်းတစ်ဝိုက်တွင်လည်း ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများ မကြာခဏဖြစ်ပွားနေကြောင်းသိရသည်။

**Ref : Xinhua News**
**Trs : AZH**

## ဟာဝိုင်ရီပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် ဟာဝိုင်ရီကျွန်း၌ ယနေ့နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် မော်နာလိုအာတောင်၏ တောင်ဘက်ပိုင်းတွင် စတင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်စတင်လှုပ်ခတ်ခဲ့ချိန် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူဖြင့် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်သည် မြေအောက်အနက် ၃၇ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် နေအိမ်များဆီသို့ ငလျင်လှိုင်းရောက်ရှိမှုမှာ ပြင်းထန်ခဲ့ခြင်းမရှိကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

“ဒီနေ့မနက် အစောပိုင်းမှာ ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ငလျင်ကြောင့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိပါဘူး။ ငလျင်ဟာ မော်နာလိုအာတောင်ရဲ့ တောင်ဘက်ပိုင်း မြေအောက်အနက် ၃၇ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်”ဟု အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှိုင်းပြင်းထန်ခဲ့ခြင်းမရှိသော်လည်း ငလျင်လှိုင်းသည် နေအိမ်များဆီသို့ ရောက်ရှိခဲ့ပြီး ဒေသခံများ ငလျင်ဒဏ်သင့်ခဲ့ရသော်လည်း ကြီးကြီးမားမားပျက်စီးမှုမရှိခဲ့ကြောင်း ဟာဝိုင်ရီပြည်နယ်အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၀၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

100% PURE ARABICA COFFEE



## Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- နှစ်အတွင်းကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာဝန်ဆောင်မှုများပေးခြင်း
- မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- e-Topup ဖုန်းငွေဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာခများပေးဆောင်ခြင်း
- ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်တိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ သာယာကုန်းကျေးရွာရှိ အရှေ့လားသော်-ရေချောင်း၊ အနောက်လားသော်-လမ်းမ၊ တောင်လားသော်-ဘုန်းတော်ကြီးခြံ၊ မြောက်လားသော်-လမ်း၊ မြေဧရိယာ(၅၀×၂၀၀)ပေအကျယ်ရှိမြေကွက်အား ဒေါ်တင်မာအေး ထံမှ ဒေါ်စုမြတ်နိုးအောင် သည် (၈-၂-၂၀၂၄)ရက်နေ့တွင် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူရန် စရန်ပေးချေပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ အိမ်ခြံမြေနေရာနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းစုံလင်စွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လွှဲပြောင်းရောင်းချခြင်းတို့အား ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဥမ္မာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၅)**
**အင်းယားကျေးရွာ၊ ပြင်ဦးလွင်မြို့**
**၀၉-၇၈၈၂၅၀၈၁၆**

## ဝန်ထမ်းအလိုရှိသည်

(၁) **Photoshop အခြေခံကျွမ်းကျင် - ကျား (3) ဦး**

(၂) **Delivery - ကျား (3) ဦး**

(၃) **Cashier - မ (3) ဦး**

လျှောက်ထားလိုသူများသည် စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ (၁)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်-King Colour Separation
၃၆ လမ်း၊ ၈၄ × ၈၅ ကြား၊ Ph.No 09-970009732

### ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကန်ဖျားကျေးရွာနေ အောင်ကိုကို (ဘ) ဦးမောင်လှိုင်(၉/ပဘန(နိုင်)၂၂၄၆၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-473976) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၆၀၉၁၂၄၁**

### ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်၊ တောင်တွင်းကျေးရွာနေ ဦးအောင်ဇော်ထွေး (ဘ) ဦးတင်မြင့် (၉/မသန(နိုင်)၁၁၃၆၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-084027) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၇၀၇၀၃၆၇၅**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


စာပေ မြင့်မှ လူမျိုး တင့်မည်


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မှုဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်...

❖ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကြည့်ရှုစစ်ဆေး


(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကပြဖျော်ဖြေကြသည့်အဖွဲ့များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့တွင် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ၎င်းတို့တည်းခိုနေထိုင်ကြသည့် နေပြည်တော်အားကစားရွာသို့ သွားရောက်၍ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း


ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)


ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)


ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015


နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com